မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၃၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်း

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ အမှတ် (၃၄/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာ
(အမှတ်၊ ၃၄/၂၀၁၁)
၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလ အခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အား ဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းလိုက်သည် -

(က) ဦးဝင်းမြ
သံအမတ်ကြီး(အငြိမ်းစား) — ဥက္ကဋ္ဌ

(ခ) ဦးကျော်တင့်ဆွေ
သံအမတ်ကြီး(အငြိမ်းစား) — ဒုတိယဥက္ကဋ္ဌ

(ဂ) ဦးထွန်းအောင်ချိန်
ပါမောက္ခ(အငြိမ်းစား)
သမိုင်းဌာန — အဖွဲ့ဝင်

(ဃ) ဦးလှမြင့်
သံအမတ်ကြီး(အငြိမ်းစား) — အဖွဲ့ဝင်

(င) ဦးသန်းဆွေ
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(စ) ဒေါက်တာညဏ်ဇော်
ပြည်နယ်ဆရာဝန်ကြီး(အငြိမ်းစား) — အဖွဲ့ဝင်

(ဆ) ဒေါက်တာဒေါ်သန်းနွဲ့
ပါမောက္ခ(အငြိမ်းစား)
ဥပဒေပညာဌာန — အဖွဲ့ဝင်

(ဇ) ဒေါ်စောခင်ကြီး
ပါမောက္ခ(အငြိမ်းစား)
နိုင်ငံတကာဆက်ဆံရေးပညာဌာန — အဖွဲ့ဝင်

(ဈ) ဦးတင်ညို
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
အခြေခံပညာဦးစီးဌာန — အဖွဲ့ဝင်

(ည) ဦးခွတီးရို
ပြည်နယ်ဥပဒေအရာရှိ(အငြိမ်းစား) — အဖွဲ့ဝင်

(ဋ) ဦးခင်မောင်လေး
ညွှန်ကြားရေးမှူး(အငြိမ်းစား)
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

စာမျက်နှာ ၃ ကော်လံ ၄

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို အလေးထားဆောင်ရွက် ဒေသအလိုက် ပေးအပ်ထားသည့် စီးပွားရေးစီမံကိန်း ရည်မှန်းချက်များ အောင်မြင်အောင်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၅

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသဦးစီးအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၈ ကော်လံ ၁

6-9 (01).pmd 1 9/6/2011, 2:43 AM

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်း

စူဠာမုနိလောကချမ်းသာစေတီတော်အား ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၅

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် စက်တင်ဘာ ၃ ရက် ည ၈ နာရီတွင် တောင်ကြီးမြို့ရှိ စူဠာမုနိလောကချမ်းသာစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

တောင်ကြီးမြို့ရှိ စူဠာမုနိ လောကချမ်းသာ စေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဖူးမြော်ကန်တော့

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာစေတီတော် လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကန်တော့ကြစဉ်။ (သတင်းစဉ်)

ကပ်လှူ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့သည် စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကန်တော့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ယင်းနောက်ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်အား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၅-၉-၂၀၁၁

မုဒုံမြို့	၅ ဒသမ ၅၀ လက်မ
ညောင်လေးပင်မြို့	၃ ဒသမ ၉၄ လက်မ
ကျိုက်မရောမြို့	၃ ဒသမ ၂၂ လက်မ
ဖျာပုံမြို့	၂ ဒသမ ၉၀ လက်မ
ကျိုက္ကမီမြို့	၂ ဒသမ ၈၇ လက်မ
ကန့်ဘလူမြို့	၂ ဒသမ ၂၀ လက်မ
ပုသိမ်ကြီး(စိုက်ပျိုးရေး)	၁ ဒသမ ၇၅ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၆ ရက်)

စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင်

စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် တီထွင်ဆန်းသစ်မှုများကို အစဉ်တစိုက် အကောင်အထည်ဖော်ရန် လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင်လည်း ဒီပလိုမာ၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့၊ အင်ဂျင်နီယာများ၊ ကွန်ပျူတာပညာရှင်များနှင့် အသုံးချသိပ္ပံပညာရှင်များကို နိုင်ငံတော်က မွေးထုတ်ပေးလျက်ရှိသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးလာခြင်းဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ရာ စက်မှုနိုင်ငံအဖြစ် ပြောင်းလဲနိုင်ရန် အခြေခံကောင်းများကိုလည်း ထူထောင်လျက်ရှိသည်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စက်မှုနယ်မြေများ၊ စက်မှုဇုန်များ၌ စက်ရုံ၊ အလုပ်ရုံများ အရှိန်အဟုန်မြင့် တည်ဆောက်လျက်ရှိသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ စက်မှုဆိုင်ရာအတတ်ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။ စက်မှုသင်တန်းကျောင်းများဖွင့်လှစ်၍ စက်မှုအတတ်ပညာရှင် ကျွမ်းကျင်လုပ်သားများကိုလည်း စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် တစ်ခုတည်းသော မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း (မကွေး) ကို မကွေးတိုင်းဒေသကြီးအရှေ့ခြမ်း မကွေး-တောင်တွင်းကြီးသွားကားလမ်း၏ မိုင်တိုင်အမှတ် ၃၂၄ မိုင် ၆ ဖာလုံ အနီး မကွေးစက်မှုနယ်မြေအတွင်းတွင် တည်ဆောက်ထားသည်။ ယင်းသင်တန်းကျောင်း၏ သင်တန်း အမှတ်စဉ်(၁)ကို ဩဂုတ်လ ၂၆ ရက်နေ့က အဆိုပါကျောင်း စုပေါင်းခန်းမ၌ စတင်ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းတွင် မြန်မာနည်းပြများနှင့် ကိုရီးယားနိုင်ငံမှကျွမ်းကျင်ပညာရှင်များက ခေတ်မီ သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ ဘာသာရပ်အလိုက် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလသည် တစ်နှစ်ဖြစ်သည်။ အမှတ်စဉ်(၁)သို့ သင်တန်းသား ၁၄၈ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ရရှိစေရေးအတွက် ယခုဖွင့်လှစ်လိုက်သည့် မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး) အပါအဝင် စက်မှုသင်တန်းကျောင်း (ဆင်တဲ)၊ စက်မှုသင်တန်းကျောင်း(မန္တလေး)၊ စက်မှုသင်တန်းကျောင်း (သာဂရ)၊ စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယခုအခါ စက်မှုအတတ်ပညာများ လေ့ကျင့်မွေးထုတ်ပေးနေသည့် ကျောင်းငါးကျောင်း ရှိပြီဖြစ်သည်။

မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)ကို အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ခေတ်မီကုန်ထုတ်လုပ်မှု နည်းပညာများတိုးတက်ရရှိရေးအတွက် စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးလျက်ရှိရာ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မျိုးဆက်သစ်လူငယ်လေးများက ကြိုးပမ်းစွမ်းဆောင်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❒ ရှေ့ဖုံးမှ

(၄)	ဦးလဖိုင်ဇော်ဂွန်း သံမှူးကြီး(အငြိမ်းစား)	အဖွဲ့ဝင်
(၃)	ဦးညွန့်ဆွေ ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) နိုင်ငံခြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁)	ဒေါ်စန်းစန်း ညွှန်ကြားရေးမှူး(အငြိမ်းစား) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန	အဖွဲ့ဝင်
(၈)	ဦးစစ်မြိုင် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) လူမှုဝန်ထမ်းဦးစီးဌာန	အတွင်းရေးမှူး

အမိန့်အရ

(တင်မျိုးကြည်)

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ နိုင်ငံတော် ဩဝါဒါစရိယ စွန်းလွန်းဂူကျောင်းတိုက် ပဓာန နာယကဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း တောင်ကြီးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၅

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ မြို့လယ်ဓမ္မာရုံ၌ ကျင်းပသော တောင်ကြီးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် ဝတ်အသင်းဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ စွန်းလွန်းဂူကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများသည် ဆရာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တပ်ဦးဥတ္တရာရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီထံမှ ဩဝါဒ်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နိုင်ငံတော်ဩဝါဒါစရိယ စွန်းလွန်းဂူကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသထံမှ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နှင့် ဇနီး ဒေါ်ခင်စောနှင်းနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတသည် ဆရာတော်ကြီးများအား အနီးကပ်ဖူးမြော်ကြည်ညိုပြီး လိုအပ်ချက်များကို မေးမြန်းလျှောက်ထားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် စက်တင်ဘာ ၅

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နိုင်ငံသားကတ်ပြားများ တာမိုးညဲ၌ ထုတ်ပေး

တာမိုးညဲ စက်တင်ဘာ ၅

ရှမ်းပြည်နယ် တာမိုးညဲမြို့နယ်ခွဲ၌ မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးသော နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက်က တာမိုးညဲမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲဝင်းက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၅၀၅ ဦးကိုယ်စား မုံးစီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

◆ *ကျောဖုံးမှ*

"မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ 'မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်' အဆိုကို သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ယင်းဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အတည်ပြုချက်ရယူ

ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းပူးပေါင်းကော်မတီက စိစစ်ပြီးဖြစ်၍ အတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်သင့်ပါကြောင်း သဘောထား မှတ်ချက်ပေးထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းထားခြင်းလည်း မရှိပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုချက်ရယူရန် မလိုတော့သည့်အတွက် ဥပဒေကြမ်း အပိုဒ် ၁ မှ အပိုဒ် ၇ အထိကို တစ်ကြိမ်တည်း လွှတ်တော်၏အတည်ပြုချက်ရယူရာ "ဤဥပဒေကြမ်း၏ အပိုဒ် ၁မှ အပိုဒ် ၇ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ အပိုဒ် ၇ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ "ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်"အဆိုကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်း

မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်း တင်သွင်းခဲ့သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

"မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန်" အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်

"ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ "ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်" အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ယင်းဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ 'ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၁၄ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်' အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၁၄ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၏ အပိုဒ် ၁၅ အပိုဒ်ခွဲ(က)တွင် **"လိုအပ်သော စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်"** ဟု ဖော်ပြထားသည့် အစား **"လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်"** ဟု ပြင်ဆင်သင့်ကြောင်း ဥပဒေကြမ်းပူးပေါင်းကော်မတီက သဘောထားမှတ်ချက်ပြုထားရာ ယင်းပြင်ဆင်ချက်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံပါကြောင်း ဖြေကြားသည်။

သဘောတူညီ

"အပိုဒ် ၁၅ အပိုဒ်ခွဲ(က)တွင် **လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်** ဟု ပြင်ဆင်ရန် ဖြစ်သင့်သည်" ပြင်ဆင်ချက် အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် အပိုဒ် ၁၅ အပိုဒ်ခွဲ(က)တွင် **လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်** ဟု ပြင်ဆင်ရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

"ဤဥပဒေကြမ်း၏ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

အစိတ်အပိုင်းဖြစ်

ဆက်လက်၍ "ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းတင်သွင်းခဲ့သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

အတည်ပြု

"ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန်" အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်းဆုံးဖြတ်သည်။

"ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ "ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်" အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ယင်းဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

သဘောထားမှတ်ချက်ပေး

ယင်းဥပဒေကြမ်းကို ဥပဒေကြမ်း ပူးပေါင်းကော်မတီက စိစစ်ပြီးဖြစ်၍ အတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်သင့်ပါကြောင်း သဘောထားမှတ်ချက်ပေးထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းထားခြင်းလည်း မရှိပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုချက်ရယူရန်မလိုတော့သည့်အတွက် ဥပဒေကြမ်း အပိုဒ် ၁ မှ အပိုဒ် ၂၅ အထိကို တစ်ကြိမ်တည်း လွှတ်တော်၏အတည်ပြုချက်ရယူရာ 'ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ အပိုဒ် ၂၅ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်' အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ အပိုဒ် ၂၅ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ 'ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်' အဆိုကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းတင်သွင်းခဲ့သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

'ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန်' အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

"ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ 'ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်' အဆိုကို သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ယင်းဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်ဆောင်ရွက်ရန်သင့်

ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းပူးပေါင်းကော်မတီက စိစစ်ပြီးဖြစ်၍ အတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်သင့်ပါကြောင်း သဘောထားမှတ်ချက်ပေးထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် အဆိုတင်သွင်းထားခြင်းလည်း မရှိပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုချက်ရယူရန်မလိုတော့သည့်အတွက် ဥပဒေကြမ်း အပိုဒ် ၁ မှ အပိုဒ် ၄ အထိကို တစ်ကြိမ်တည်း လွှတ်တော်၏အတည်ပြုချက်ရယူရာ 'ဤဥပဒေကြမ်း၏ အပိုဒ်၁ မှ အပိုဒ် ၄ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်' အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ အပိုဒ် ၄ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုအတည်ဖြစ်

ဆက်လက်၍ 'ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်' အဆိုကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းတင်သွင်းခဲ့သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

'ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန်' အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

သစ်တောရေးရာဝန်ကြီးဌာန အမည်အား **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** အမည်သို့ ပြောင်းလဲသတ်မှတ်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂ (က)နှင့်အညီ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားရာ ဝန်ကြီးဌာနအမည်ပြောင်းလဲသတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

မှတ်တမ်းတင်နိုင်ရန်ပေးပို့

နိုင်ငံတော်သမ္မတက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်း ကိစ္စနှင့်စပ်လျဉ်းသည့်ဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၈ အရ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်နိုင်ရန် ပေးပို့ခဲ့သည်။

အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်း

အဆိုပါ ပေးပို့လာသည့် ဆောင်ရွက်ချက်များမှာ **မန္တလေးတိုင်းဒေသကြီး**တွင် ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်အတွင်း ကျေးရွာတစ်ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ(၄)ရွာ အမည်ပြောင်းလဲခြင်း၊ ကျေးရွာ(၁)ရွာ တည်နေရာပြောင်းရွှေ့ခြင်း၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်း ကျေးရွာ(၅)ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ကျေးရွာ(၂)ရွာ တိုးချဲ့ပြင်ဆင်ခြင်း၊ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ကျေးရွာအုပ်စု(၂)အုပ်စုနှင့် ကျေးရွာ(၂)ရွာအား အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်း။

ရှမ်းပြည်နယ်တွင် တောင်ကြီးခရိုင် ကလောမြို့နယ်အတွင်း ကျေးရွာ(၂၁)ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာ(၂၂)ရွာ စာရင်းမှပယ်ဖျက်ခြင်း၊ ဟိုပုံးမြို့နယ်အတွင်း ကျေးရွာ(၅၄)ရွာ စာရင်းမှပယ်ဖျက်ပြင်ဆင်ဖွဲ့စည်းခြင်း၊ လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ကျေးရွာ(၃)ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာ(၁၀၂)ရွာစာရင်းမှပယ်ဖျက်ခြင်း၊ မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့နယ်ခွဲအတွင်း ကျေးရွာအုပ်စုနှင့် ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ လားရှိုးခရိုင်အတွင်းမှ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်၊ ပန်ဆိုင်း(ပန်ခမ်း) (၄)မြို့နယ်နှင့် မန်ကန်မြို့နယ်ခွဲ(၁)ခု၊ ကျိုင်းတုံခရိုင်အတွင်းမှ မက်မန်းမြို့နယ်(၁)မြို့နယ်၊ ကွမ်းလုံခရိုင်အတွင်းမှ ဟိုပန်မြို့နယ်(၁)မြို့နယ်၊ ပန်လုံမြို့နယ်ခွဲနှင့် နမ့်တစ်မြို့နယ်ခွဲ(၂)ခုတို့ကို စုစည်း၍ ဟိုပန်ခရိုင်အဖြစ် ဖွဲ့စည်းခြင်း။

ပဲခူးတိုင်းဒေသကြီးတွင် တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်း ကျေးရွာ(၁)ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်အတွင်း ကျေးရွာ(၄၂)ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ (၁၂)ရွာ စာရင်းမှပယ်ဖျက်ခြင်း၊ သနပ်ပင်မြို့နယ်အတွင်း ကျေးရွာ(၅)ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ(၂)ရွာ စာရင်းမှပယ်ဖျက်ခြင်း။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း ကျေးရွာ(၂)ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ(၈)ရွာ အမည်စာရင်းမှ ပယ်ဖျက်ခြင်းနှင့် ကျေးရွာ(၄)ရွာ အမည်ပြောင်းလဲပြင်ဆင်ခြင်း၊ ဘုတလင်မြို့နယ်အတွင်း ကျေးရွာ(၁)ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာ(၂)ရွာ အမည်ပြောင်းလဲခြင်း၊ ပုလဲမြို့နယ်အတွင်း ကျေးရွာ(၁၁)ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ(၅)ရွာ အမည်စာရင်းမှပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု (၁)အုပ်စုနှင့် ကျေးရွာ(၁)ရွာကိုအမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း။

မွန်ပြည်နယ်တွင် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်အတွင်း ကျေးရွာ(၁၁)ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာ(၂၆)ရွာ စာရင်းမှပယ်ဖျက်ခွင့်ပြုခြင်း၊ ကျိုက်မရောမြို့နယ်အတွင်း ကျေးရွာ(၂၅)ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ(၅)ရွာ စာရင်းမှပယ်ဖျက်ခြင်းနှင့် ကျေးရွာ(၁)ရွာအမည်ပြောင်းလဲဖွဲ့စည်းခြင်း၊ သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း ကျေးရွာ(၇)ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ(၂၃)ရွာ အမည်စာရင်းမှပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု(၁)အုပ်စုနှင့် ကျေးရွာ(၁၁)ရွာအား အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ မော်လမြိုင်ခရိုင် ရေးမြို့နယ်အတွင်းရှိ ကျေးရွာ(၃၀) တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ(၂၁)ရွာအမည်စာရင်းမှပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု(၃)အုပ်စုနှင့် ကျေးရွာ(၁၃)ရွာအား အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲအတွင်းရှိ ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၂)အုပ်စု၊ ကျေးရွာ(၁၁၂)ရွာနှင့် လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၆)အုပ်စု၊ ကျေးရွာ (၆၂)ရွာ စုစုပေါင်းမြို့(၁)မြို့၊ မြို့နယ်ခွဲ (၁)ခု၊ ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၃၈)အုပ်စုနှင့် ကျေးရွာ (၁၇၄)ရွာတို့အား ပုသိမ်ခရိုင် ငပုတောမြို့နယ်အတွင်းသို့ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းတို့ဖြစ်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် အမြန်ဆုံးဖြန့်ဖြူးပေးရေး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံငယ်များ ပြီးစီးအောင်ဆောင်ရွက်

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရွှေစာရံ ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြောက်ပြင် ပင်မဓာတ်အားခွဲရုံရှိ Switch Yard တည်ဆောက်နေသည့်လုပ်ငန်းခွင်၌ တည်ဆောက်တပ်ဆင်မှုလုပ်ငန်းများနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား ဓာတ်အားခွဲရုံ Switch Yard တည်ဆောက်ရေးကို သတ်မှတ်ကာလ ပြီးစီးရေး၊ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက လျှပ်စစ်ဓာတ်အားကို အများပြည်သူ သုံးစွဲနိုင်ရန် အမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေးအတွက် တည်ဆောက်လျက်ရှိသည့် 33 KV ဓာတ်အားလိုင်း ဖီဒါ ကိုးခုနှင့် ဓာတ်အားခွဲရုံငယ် ၁၀ ခုတို့ကို အမြန်ပြီးစီးရေး ဆောင်ရွက်ထားရန် မှာကြားခဲ့သည်။

ရွှေစာရံပင်မဓာတ်အားခွဲရုံ

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရွှေစာရံပင်မဓာတ်အားခွဲရုံ၌ Control Panel Room၊ Control Gear Room နှင့် Battery Room တို့ကိုလည်းကောင်း၊ ဓာတ်အားခွဲရုံ Switch Yard အတွင်း Transformer များအခြေအနေ၊ Shunt Reactor နှင့် Circuit Breaker တပ်ဆင်မည့် အခြေအနေများကိုလည်းကောင်း၊ အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံ၌ Control Room တည်ဆောက်နေမှုနှင့် Switch Yard တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တံခွန်တိုင်ပင်မဓာတ်အားခွဲရုံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တံခွန်တိုင်ပင်မဓာတ်အားခွဲရုံ၌ Switch Yard အတွင်း Shunt Reactor တပ်ဆင်ပြီးစီးမှုနှင့် Control Room အတွင်း Control Panel များအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံဝင်းအတွင်း မန္တလေးတိုင်းဒေသကြီးအတွက် ရောက်ရှိနေသော ACSR ဓာတ်အားလိုင်းကြိုးများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

လွှတ်တော်ဆိုင်ရာကော်မတီ (၁၉) ခုတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေများ အတည်ပြု

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၅

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၈၅)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက တိုးချဲ့ဖွဲ့စည်းသည့် လွှတ်တော်ဆိုင်ရာကော်မတီ (၁၉)ခုတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီအတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီများ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ တင်ပြရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်းဆုံးဖြတ်သည်။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များမှာ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းတင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ကိုကို၊ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးငွေးလွင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၊ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၊ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦး၊ တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်းနှင့် ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်တို့ ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ဟသ်ာတမဲဆန္ဒနယ်မှ ဦးငွေးဦးအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဖွဲ့ဝင်များမှာ မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း၊ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၊ ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိရင်ချမ်း၊ မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖင်၊ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ငွေး၊ မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘငွေး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးပေါ်ရှောက်ချမ်းနှင့် လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များမှာ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း၊ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၊ ဒေးဒရဲ မဲဆန္ဒနယ်မှ ဦးတင်ဝင်း၊ ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၊ ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း၊ မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံနှင့် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင်များမှာ မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင်၊ ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့်၊ ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း၊ ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့်၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး၊ ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ၊ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၊ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဒဂုံမြောက် မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးနှင့် ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များမှာ ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၊ ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၊ နောင်မွန်မဲဆန္ဒနယ်မှ ဦးဂျိုးဖုန်ဆားရ်၊ မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်းနှင့် ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် လယ်ဝေးမဲဆန္ဒနယ်မှ ဦးငွေးဝင်းအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင်များမှာ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ၊ မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရိုအုပ်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးတင့်ဆန်း၊ မိုင်းဖြတ် မဲဆန္ဒနယ်မှ ဦးစိုင်းကျောက်၊ ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၊ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ်၊ စဉ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၊ အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၊ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်းနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦးအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်းအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များမှာ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင်၊ မိုင်းယန်းမဲဆန္ဒနယ်မှဦးတင်ဝင်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို၊ မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်၊ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ၊ မန်စီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း၊ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ၊ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်နှင့် နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှတို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦးအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များမှာ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၊ ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ငွေး၊ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း(ခ)ဦးဇော်ကိအာမက်၊ ကုန်းကြမ်း မဲဆန္ဒနယ်မှ ဦးကျင်တဲင်(ခ)ကျန်တဲဝမ်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်၊ လွိုင်လင် မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်၊ ကျောက်တော် မဲဆန္ဒနယ်မှ ဦးသာစိန်၊ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်နှင့် သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော်တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင်များမှာ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၊ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီးဒွေ့၊ ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်လိန်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း၊ ဆီဆိုင် မဲဆန္ဒနယ်မှ ဦးဝင်းကို၊ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ခိုင်မောင်ရည်၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းနှင့် ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင်များမှာ ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင်၊ အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၊ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်၊ မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးခတ္တိယ၊ လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ၊ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဘငွေး၊ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၊ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်းနှင့် ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များမှာ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို၊ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့်၊ ပုလောမဲဆန္ဒနယ်မှ ဦးလှမြင့်(ခ) ဦးမောင်လှ၊ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၊ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၊ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၊ မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းနှင့် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များမှာ ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေး၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်၊ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း၊ သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်၊ နတ္တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ၊ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၊ မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်၊ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းနှင့် ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်သည်။

ကျန်းမာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင်များမှာ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်၊ ရွှေဘိုမဲဆန္ဒနယ်မှ ဦးအောင်သန်း၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ၊ ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာ သန်းဝင်း၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ်(ခ) ဦးဦးရယ်၊ လေရှီးမဲဆန္ဒနယ်မှ ဦးရှီသီး၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင်၊ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်(ခ) ဦးခခိုင်တန်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ အောင်မြေသာဇံမဲဆန္ဒနယ်မှ ဦးကိုကြီးနှင့် ဆောမဲဆန္ဒနယ်မှ ဦးငွေးမောင် တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ပညာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင်များမှာ အိမ်မဲမဲဆန္ဒနယ်မှ ဦးစောဂျိမ်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ၊ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ၊ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၊ ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစဲကီကော်၊ ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့်၊ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၊ ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မြစ်သား မဲဆန္ဒနယ်မှ ဦးကြည်မောင်၊ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်နှင့် သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်တို့ ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်းအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦးအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

တရားစီရင်ရေးနှင့်ဥပဒေရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များမှာ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း၊ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတက်ထွန်းအောင်၊ သန်လျင် မဲဆန္ဒနယ်မှ ဦးလွင်ဦး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ ဆောမဲဆန္ဒနယ်မှ ဦးငွေးမောင်၊ နန်းယွန်း မဲဆန္ဒနယ်မှ ဦးဇင်းပမ်၊ အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်၊ မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရိုအုပ်နှင့် မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းတို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်းအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်သည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များမှာ စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင်၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၊ တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးငွေးနိုင်၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၊ ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့်၊ မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်၊ ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ်နှင့် မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးအား လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ အဖွဲ့ဝင်များမှာ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၊ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၊ ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၊ ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း၊ လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၊ ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်၊ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့်၊ မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း၊ ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်နှင့် ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် နမ့်စန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒဂုံ(အရှေ့) မဲဆန္ဒနယ်မှ ဦးမြင့်သူအား လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ အဖွဲ့ဝင်များမှာ အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်၊ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၊ ဒဂုံ(တောင်)မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးမောင်ပါ၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း၊

စာမျက်နှာ ၆ ကော်လံ ၁ သို့

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အဆိုများကို ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၅

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂၁၀) တို့ တက်ရောက်ကြသည်။

ဆွေးနွေး

အစည်းအဝေးတွင် ယမန်နေ့က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်သွင်းထားသည့် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမင်းမျိုးတင့်လွင်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲတို့က အဆိုကို ထောက်ခံကြပြီး နိုင်ငံတစ်ဝန်းအပြည့်အဝ သတ္တုတူးဖော်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေး၊ အရင်းအနှီးနှင့် နည်းပညာများ ကူညီပေးရေး၊ ပြည်သူများ တစ်နိုင်တစ်ပိုင်မှ အသေးစား၊ အလတ်စားနှင့် အကြီးစားတူးဖော်ထုတ်လုပ်နိုင်ရန် ရှင်းလင်းဟောပြောဆွေးနွေးရေး၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားများပါဝင်လုပ်ကိုင်ခွင့်ရရှိရေး၊ သတ္တုကဏ္ဍကို ပြည်သူများ စိတ်ဝင်စားလာရေးအတွက် သတ္တုတူးဖော်ခွင့်လျှောက်ထားရာတွင် လိုအပ်သောထောက်ခံချက်များနှင့် အခွန်အခတို့ကို လျှော့ပေါ့ပေးရေး၊ ဘူမိဗေဒ မြေပုံရေးဆွဲရေး၊ လွယ်ကူရှင်းလင်းသည့် သတ္တုတွင်းဥပဒေပြဋ္ဌာန်းရေး စသည်တို့ကို ဆွေးနွေးကြသည်။

ရှင်းလင်း

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က နိုင်ငံတော်တွင် နေရာအနှံ့ဖြစ်ထွန်းလျက်ရှိသော သတ္တုအရင်းအမြစ်များကို အကြီးစားတူးဖော်ထုတ်လုပ်ခြင်း၊ အသေးစားတူးဖော်ထုတ်လုပ်ခြင်း၊ လက်လုပ်လက်စားခွင့်ပြုခြင်းတို့နှင့်ပတ်သက်၍ သတ္တုတွင်းဥပဒေများ ထုတ်ပြန်ကာ ဒေသအလိုက်လုပ်ငန်းလုပ်ကိုင်လိုသူများ နားလည်သဘောပေါက်စေရန် ရှင်းလင်းဆွေးနွေး အသိပညာပေးမှုများကို ဒေသခံအဖွဲ့အစည်းများမှ တောင်းဆိုသည့် နေရာများသို့ အကြိမ်ကြိမ်သွားရောက်ချပြရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

သတ်မှတ်ထား

သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီထူထောင်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ သတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတ္တုတူးဖော်ထုတ်လုပ်ရာတွင် လက်ကိုင်ထားဆောင်ရွက်ရမည့် သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ထုတ်ပြန်ထားပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာန/လုပ်ငန်းများတွင် ဝယ်ယူနိုင်ရေး စီမံထားရှိပြီးဖြစ်ပါကြောင်း၊ သတ္တုတွင်းဥပဒေအရ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတ်သတ္တုခွန်အဖြစ် ကျောက်မျက်ရတနာများအတွက် ၅ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ရွှေ၊ ငွေ၊ ပလက်တီနမ်၊ ယူရေနီယမ် အစရှိသည့် အဖိုးတန်သတ္တုများအတွက် ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်းသုံးသတ္တုများဖြစ်သည့် သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း စသည့် သတ္တုများအတွက် ၄ ရာခိုင်နှုန်း၊ စက်မှုတွင်းထွက်ကုန်ကြမ်း သို့မဟုတ် ကျောက်အတွက် ၃ ရာခိုင်နှုန်းတို့ကို နိုင်ငံတော်သို့ ပေးဆောင်ရန် သတ်မှတ်ထားပါကြောင်း။

လုပ်ကွက်ဧရိယာသတ်မှတ်

နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်ရာတွင် ခွဲဝေခံစားသည့်အချိုးမှာ အနည်းဆုံး ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ၊ ၅၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ နှစ်ဖက်သဘောတူ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧက ၅၀ အထက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်အများအပြားလိုအပ်သည့် သို့မဟုတ် အထူးနည်းပညာရပ်များ၊ နည်းစနစ်များအသုံးပြုရန်လိုအပ်သည့် အကြီးစားထုတ်လုပ်ခြင်းနှင့် ဧက ၅၀ အောက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်ကျစရိတ်မများသည့် သို့မဟုတ် အထူးနည်းပညာရပ်များ၊ နည်းစနစ်များအသုံးပြုရန် မလိုအပ်သည့် အသေးစားထုတ်လုပ်ခြင်း ပေါ်မူတည်၍ လုပ်ကွက်ဧရိယာ သတ်မှတ်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်တွင် သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှ လုပ်ငန်းရှင်များနှင့် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုလျက်ရှိပါကြောင်း၊ အလားတူ ပြည်တွင်းမှ လုပ်ငန်းရှင်များကလည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်၍ သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန် အားပေးကူညီပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်မှ ရရန်သတ်မှတ်ထားသည့် အခွန်အခများကိုလည်း အပြည့်အဝရရှိရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ္တုများကို အရိုင်းအတိုင်း တူးဖော်၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းကို အားမပေးဘဲ ပြည်တွင်းတွင် ခေတ်မီနည်းစနစ်ဖြင့် စက်ရုံများတည်ဆောက်စေလျက် သန့်စင်ပြီးသတ္တုများသာ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုနိုင်ငံတော်ထူထောင်ရာတွင် ဓာတ်သတ္တုများ တူးဖော်ထုတ်လုပ်ခြင်းသည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်၍ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆုံးဖြတ်

လွှတ်တော်က ယင်းအဆိုမှ ပေါ်ပေါက်လာသည့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ အဆိုကို ယခုလောလောဆယ် ဆုံးဖြတ်ခြင်းမပြုသေးဘဲ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးရန်၊ ကော်မတီက အရပ်ရပ်ဆိုင်ရာ ကြားနာချက်များကို သတ္တုတွင်းဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များ၊ သတ္တုဆိုင်ရာပညာရှင်များ၊ အခြားအစိုးရဆိုင်ရာ ပညာရှင်များနှင့် ပြည့်ပြည့်စုံစုံ ကြားနာပြီးသည့်နောက် အဆိုတွင် ပါဝင်သည့်အချက်များကိုသာ ပြန်လည်တင်ပြသွားရန်နှင့် လိုအပ်၍ ဥပဒေကြမ်းအဖြစ် ဆောင်ရွက်သင့်ပါက ဆောင်ရွက်ရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

စက်တင်ဘာ(၂)ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် တင်သွင်းထားသည့် **"နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်နိုင်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဝင်းနောင်က တစ်ဦးနှင့်တစ်ဦး ရန်သူများမဟုတ်ကြဘဲ ပဋိပက္ခဖြစ်ပွားနေရခြင်းမှာ မြှောက်ပင့်သွေးထိုးရန်တိုက်ပေးနေသော ကြားလေသွေးမှုများကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် အထင်အမြင်လွဲမှားနေခြင်းကို အမြန်ဆုံး ပြေလည်အောင် တွေ့ဆုံဆွေးနွေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က ငြိမ်းချမ်းမှုရှိမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးကို အထိပါးမခံဘဲ တွေ့ဆုံဆွေးနွေး အဖြေရှာသင့်ပါကြောင်း၊ ယခုအချိန်တွင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ဖွဲ့စည်း၍ နိုင်ငံတော်အာဏာ(၃)ရပ်ကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအပေါ် ခွဲဝေအပ်နှင်းပေးထားပြီးဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ပြည်သူ့ဆန္ဒခေတ်ဖြစ်သည်နှင့်အညီ ပြည်သူ့ဆန္ဒအတိုင်း ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ သံသယကင်းကင်း ယုံယုံကြည်ကြည်ဖြင့် တွေ့ဆုံဆွေးနွေးရန်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးသည်။

တွေ့မြင်ရ

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်းက ပထမအချက်အနေဖြင့် တွေ့ဆုံ ဆွေးနွေးရေးကိစ္စကို ဆွေးနွေးလိုပါကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်က ပျော့ပျောင်းသည့် နည်းဗျူဟာကို ကျင့်သုံးဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်(၂၃)ဖွဲ့၊ စုစုပေါင်း အဖွဲ့(၄၀) ငြိမ်းချမ်းရေးရယူခဲ့ပြီး ယင်းအဖွဲ့များအနက် (၁၅)ဖွဲ့သည် အပြီးအပိုင်လက်နက်စွန့်လွှတ်ခဲ့ကြောင်း၊ ကျန်ရှိသည့်(၂၅)ဖွဲ့အနက် နယ်ခြားစောင့်တပ်ဖွဲ့ (၅)ဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့(၁၅)ဖွဲ့အဖြစ် အသွင်ကူးပြောင်းခဲ့ပါကြောင်း၊ ကျန်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် နိုင်ငံတော်က ငြိမ်းချမ်းရေးဆွေးနွေးရန်ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ဒုတိယအချက်ဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို အထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်းခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း အဆိုပြုချက်မှာ ဆွေးနွေးသည့်အခါတွင် အခြေခံရမည့်မူဝါဒအဖြစ် ရှုမြင်ပါကြောင်း၊ နိုင်ငံတော်၏ နောက်ခံသမိုင်းကြောင်း၊ ပထဝီနိုင်ငံရေး (Geopolitic)နှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေတို့အရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ် အရေးကြီးလျက်ရှိသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ယင်းအဆိုကို နောက်တစ်နေ့ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်ကျင်းပမည်

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၆ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ယမန်နေ့က တင်သွင်းခဲ့သည့်အဆို(၂)ခုအနက် အဆိုတစ်ခုကို စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးရန်ဆုံးဖြတ်ပြီး အဆိုတစ်ခုကိုမူ နောက်တစ်နေ့ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်နှင့် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်သည်။

ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင်များမှာ တနင်္သာရီ မဲဆန္ဒနယ်မှ ဦးယုံဘီး၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်(ခ)ဦးဖြူ၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းဇော်ဦး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၊ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ဦးအေးဖေအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်သည်။

အဆိုပါကော်မတီများသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်ကြပြီး ယင်းကော်မတီများ၏ သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၁)နှစ်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၉-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၅ ၉။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅:၀၀ ၇။ **အားကိုးအားထား**
၅:၁၅ ၈။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅:၃၀ ၉။ ဂျပန်နိုင်ငံရဲ့ပြန်လည်ပြည့်ဖြိုးမြစွမ်းအင် အလားအလာများ
၅:၄၅ ၁၀။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား)**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၂၄)(ဇာတ်သိမ်းပိုင်း)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ချိုမြိန်ရသာမုန့်ကမ္ဘာ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ**(အပိုင်း-၈)
၂၀။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် ဆိုကာရေးတီးပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အထက(၄) ဗိုလ်တထောင်နှင့် အထက(၆) ဗိုလ်တထောင်တို့မှ ကျောင်းသား ကျောင်းသူများက အထက(၆) ဗိုလ်တထောင်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ "ဇာတိမာန်"အဖွင့်တေးသီချင်းဖြင့်လည်းကောင်း၊ အထက(၂) စမ်းချောင်းမှ ကျောင်းသူလေးများက "အောင်စေပိုင်စေ" တေးသီချင်း အကဖြင့်လည်းကောင်း၊ အထက(၁) ဒဂုံမှ ကျောင်းသူတစ်ဦးက "မုံရွေရည်တပင်တိုင်အက"ဖြင့် လည်းကောင်း၊ အထက(၂) လသာမှ ကျောင်းသူလေးများက "ကန့်လန့်ကာကြီးရေ နေပါဦး" တေးသီချင်းအကဖြင့် လည်းကောင်း၊ အထက(၂) ကမာရွတ်မှ ကျောင်းသူလေးများက "လက်ပံပွင့်ကောက်" တေးသီချင်း အကဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်

World First Aid Day

10th September, 2011

"First Aid for All"

"အားလုံးတွက်တာ ရှေးဦးပြုစုခြင်းပညာ"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၅

ကရင်ပြည်နယ် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်၍ အလှူရှင်များနှင့်အတူ အလှူငွေများပေးအပ်ကာ အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင်နှင့် ပြည်နယ်ပညာရေးမှူး ဦးစောစံယဉ်တို့က ပညာရေးဆိုင်ရာများနှင့် အောင်ချက်မြင့်မားရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများနှင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ရာ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း အောင်ချက်အကောင်းဆုံးဆုရ ကျောင်းသုံးကျောင်း၊ အောင်ချက်အကောင်းဆုံးဆုရမြို့နယ်သုံးခုနှင့် ငါးဘာသာဂုဏ်ထူးရရှိသူ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်နိုင်အေးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီးတို့က ဆုများပေးအပ်ကြသည်။

ထို့နောက် အောင်ချက်ရာခိုင်နှုန်း (၅၀)အထက်ရရှိသော ကျောင်းများ၊ ဂုဏ်ထူးရရှိအောင်နှင့် အောင်ချက်ရာခိုင်နှုန်းကောင်းမွန်အောင် သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများနှင့် ထူးချွန်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဖွင့်လှစ်ပေး

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် တက္ကသိုလ်(ဘားအံ)၌ ကျင်းပသော ကရင်ပြည်နယ်(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားကာ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် Mandalay ICT Expo 2011 ပြပွဲ ကြည့်ရှုအားပေး

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် Mandalay ICT Expo 2011 ပြပွဲတွင် ခင်းကျင်းပြသ ရောင်းချလျက်ရှိသော အရောင်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (မန္တလေးတိုင်းဒေသကြီး)တို့က ကြီးမှူး၍ Mandalay ICT Expo 2011 ပြပွဲတွင် ခင်းကျင်းပြသ ရောင်းချလျက်ရှိသော အရောင်းပြခန်းများ၊ ICT နည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ် စက်ပစ္စည်းများစသည့် အရောင်းဆိုင်ခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ Mandalay ICT Expo 2011 ပြပွဲတွင် ကုမ္ပဏီ ၄၅ ခုမှ ပြခန်းပေါင်း ၇၂ ခန်းဖြင့် စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသရောင်းချခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရောဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်း ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၌ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်နေမှု၊ ရေထုတ်မြွန်တည်ဆောက်နေမှုနှင့် ချဉ်းကပ်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား ချဉ်းကပ်လမ်းနှင့် ချဉ်းကပ်တံတားများ တစ်ပြိုင်တည်း ပြီးစီးရေး စီမံချက်ချ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

မှာကြား

ထို့နောက် ပင်မတံတားပေါ်၌ တံတားကွန်ကရစ် ကြမ်းခင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားလက်ရန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေး လူအင်အား၊ စက်ယန္တရားအင်အား အပြည့်ဖြင့် ဝိုင်းဝန်းလုပ်ဆောင်ရန်၊ ပင်မတံတားနှင့် ချဉ်းကပ်လမ်း၊ ချဉ်းကပ်တံတားများအား ဟန်ချက်ညီညီလုပ်ဆောင်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မွန်းလွဲပိုင်းတွင် ဘားမလောက်-မအူပင်လမ်း မိုင်တိုင်အမှတ် (၁၇/၂)အကြားနှင့် မိုင်တိုင်အမှတ် (၁၈/၄)အကြားတို့တွင် ရေတိုက်စားမှုမှ ကာကွယ်ရန် မြေကာနံရံ ဆောက်ရွက်ထားရှိမှု၊ ရေယာဉ်များ သွားလာမှုနှင့် ချောင်းရေစီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် လမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး တွံတေးမြို့နယ် မြဂိုးစခန်းရှင်းလင်းဆောင်၌ တာဝန်ခံ အင်ဂျင်နီယာများအား ရာသီဥတုအခြေအနေပေါ် မူတည်၍ ကတ္တရာခင်းခြင်းလုပ်ငန်း မြန်မြန်ဆန်ဆန်ဆောင်ရွက်ရန်၊ ရေရောကတ္တရာ အသုံးပြုဆောင်ရွက်ရန်၊ လမ်းဘေးဝဲယာ တစ်လျှောက် အလင်းဖွင့်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊ ကန့်လန့်ဖြတ် ရေမြောင်းများ ဆောင်ရွက်ရန်နှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့် နည်းစနစ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ကရင်ပြည်နယ် ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့ -နံနက်+နေ့လယ်+ည)

၆-၉-၂၀၁၁

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇း၀၅ တရားတော် (ပုဗ္ဗဏှသုတ် + ဂုဏ်တော်ကွန်ချာ)
- ၇း၃၀ ဓမ္မပူဇာတေးပဒေသာ
- ၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ဘဝအသွင်ကဗျာ့အမြင် (အရိပ်နှစ်ရိပ်)
- ၈း၃၅ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ
- ၈း၅၀ တေးပဒေသာ
- ၁၀း၀၀ မွေးနေ့လက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (မုန်လာဥနီဆန္ဒွင်းမကင်း၊ ကျောက်စိမ်းမုန့်၊ သီးစုံဖျော်ရည်) တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၂၅ Talk on Line (နီနီခင်ဇော်)
- ၁၁း၅၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၄၀ ပြုံးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ ပညာရေးအစီအစဉ် (အဌမတန်း-ဘဝတွက်တာကျွမ်းကျင်စရာ) တေးပဒေသာ
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ
- ၁၆း၃၀ သောတရှင်လိုရာတေး
- ၁၇း၀၀ မေတို့တွက်တာအလှကမ္ဘာ အိပ်ရေးပျက်ပေမယ့် အလှမပျက်စေဖို့
- ၁၇း၁၅ ပြောပါရစေရှင် (ဗုဒ္ဓဘာသာဝင်ဆိုသည်မှာ)
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ညနေခင်းတေးပဒေသာ
- ၁၇း၄၅ စူးစမ်းရှာဖွေ ကမ္ဘာမြေ (၂၀)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ လယ်ယာစီးပွား (ကျီးအင်းရွာမှ သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် စပါးစိုက်ပျိုးနည်း)
- ၁၈း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ငှက်တေလေအိုနှင့်ဂန္ထဝင်လွမ်းချင်း (ဦးကောဝိဒ-ဝစီပိတ်ဆရာတော်) ၂။ နောင်လာနောက်သား ကောင်းစားကြဖို့ရာ (ချစ်နိုင်-စိတ်ပညာ) တေးပဒေသာ
- ၁၈း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ဇာတ်လမ်းပမာ နားဆင်စရာ (အစဉ်သာသင်ပါ)
- ၁၉း၃၀ သူ့ခေတ်သူ့အခါ တေးကမ္ဘာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ တေးစီးရီး (ညီမလေးသို့- Aန္ဒန်) တေးပဒေသာ
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် ဝန်ကြီးများဖြင့်ဖွဲ့စည်းပေးထားပြီးဖြစ် လုပ်သင့်လုပ်ထိုက်သည်များကို ရွေးချယ်နိုင်သူများဖြစ်၍ ပြည်သူ့အကျိုးစီးပွားကို အလေးထား

* ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများပါဝင်သည့် မိမိတို့အဖွဲ့သည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၏ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ယနေ့လက်ရှိနိုင်ငံတော်၏အခြေအနေ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့များ၏ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲရေးနှင့် အခြားသောဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

အရှိန်ရလာ

ယနေ့နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ခဲ့ပြီး အုပ်ချုပ်ရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်ကြရမည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အလားတူ တရားစီရင်ရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်ကြရမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားစီရင်ရေး အဖွဲ့များကိုလည်း ဖွဲ့စည်းပေးပြီးဖြစ်ပါကြောင်း၊ ထို့အတူ လွှတ်တော်အစည်းအဝေးများ၌လည်း ဥပဒေပြုရေးလုပ်ငန်းများကို ပီပီပြင်ပြင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ထို့ကြောင့် ယနေ့ဆိုလျှင် အခြေခံဥပဒေနှင့်အညီဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများမှာလည်း ပုံပေါ်လာနေပြီဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးစနစ်သစ်၊ အုပ်ချုပ်ရေးအသွင်သဏ္ဍာန်သစ်ကို စတင်ဖော်ဆောင်ရာမှာ အတော်အသင့် အရှိန်ရလာပြီဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်အစိုးရက ဆောင်ရွက်မည့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးဆိုင်ရာမူဝါဒများကို မိန့်ကြားခဲ့ပြီးဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ရေး၊ အစိုးရအဖွဲ့များအသီးသီး၏ လုပ်ငန်းစဉ်များပွင့်လင်းမှုရှိရေး၊ တာဝန်ခံမှုရှိရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်ကိုက်ညီမှုရှိရေး၊ ပြည်သူလူထု၏ဆန္ဒသဘောထားကို အလေးအနက်ထားရေး၊ အစိုးရအဖွဲ့အသီးသီး၏ လုပ်ငန်းများသွက်လက်ထိရောက်မှုရှိရေးတို့ကို မှာကြားခဲ့ပါကြောင်း။

ရေးဆွဲဆောင်ရွက်နေ

ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ လမ်းညွှန်မှုများပေးခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများပါဝင်သည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲ၏ ရလဒ်များကို အခြေခံ၍ Action of Plan ရေးဆွဲဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့အတူ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ထိုဆွေးနွေးပွဲမှ ထွက်ပေါ်လာသော လုပ်ငန်းစဉ်(၈)ရပ်ကို နိုင်ငံတော်အစိုးရနှင့်အတူ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များကပေါင်းစပ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဤလုပ်ငန်းစဉ်မှာ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် (Millennium Development Goal) လည်းဖြစ်ပါကြောင်း၊ အဆိုပါကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဒေသတစ်ခုနှင့်တစ်ခု မတူညီသောအခြေအနေများကို သိရှိရန်လိုပါကြောင်း၊ သက်ဆိုင်သူများအားလုံး သဘောပေါက်နားလည်မှုရှိရှိဖြင့် ပူးပေါင်းပါဝင်လာအောင်စည်းရုံး၍ စနစ်တကျ အချိန်ယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဖြစ်နိုင်သည့်အခြေအနေမှစတင်၍လုပ်ဆောင်ကြရန်လိုကြောင်း၊ အစကောင်း၍ အနှောင်းသေချာရန် လိုပါကြောင်း။

ရွေးချယ်တင်မြှောက်

ဤနေရာတွင် ယခင်က ဒေသဆိုင်ရာအာဏာပိုင်များမှာ ဝန်ထမ်းများဖြစ်ကြပြီး ယခုဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ယူထားကြသူများမှာ ပြည်သူများက ရွေးချယ်တင်မြှောက်ထားကြသူများဖြစ်သည်ကို သတိပြုကြရန်လိုကြောင်း။

ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက်များကို သိရှိရန်လိုကြောင်း၊ ယခင်မိမိတို့ တွေ့ကြုံခဲ့ရသည့် သင်ခန်းစာများအရ မိမိအားပေးအပ်သည့် တာဝန်ကျေပွန်လိုသည့်ဆန္ဒကြောင့် ပြုလုပ်မိသည့်အမှား၊ ဖြစ်စေချင်သည့်စေတနာကြောင့် ပြုလုပ်မိသည့် အမှားမျိုး မဖြစ်ရန်လိုကြောင်း၊ ပြည်သူများမှလုပ်ငန်းအပေါ် အမှန်တကယ်နားလည်သဘောပေါက်ပြီး မိမိတို့ဦးဆောင်မှုအတိုင်း အတူလိုက်ပါဆောင်ရွက်ရေးကို အလေးထားရန်လိုကြောင်း၊ ပြည်သူပါဝင်လာမှသာ လုပ်ငန်းအားလုံး အောင်မြင်နိုင်မည်ကို သတိပြုရန်လိုပါကြောင်း။

ဒုတိယပိုင်းအနေဖြင့် ဒေသအလိုက်ပေးအပ်ထားသည့် စီးပွားရေး စီမံကိန်းရည်မှန်းချက်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေးစီမံကိန်းများ အောင်မြင်ပါမှ ပြည်သူတစ်ဦးချင်းအတွက် သာမက ဒေသအတွက်နှင့် နိုင်ငံတော်အတွက်ပါ တိုးတက်လာနိုင်မှာဖြစ်ကြောင်း၊ ယခုနှစ်သည် ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (၅)နှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်ကြောင်း၊ မိမိတို့အားပေးအပ်ထားသည့် စီးပွားရေး တိုးတက်မှုနှုန်းများနှင့် လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေ တိုးမြှင့်ရရှိရေး ရည်မှန်းချက်များရရှိအောင် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ဤနေရာတွင် လျာထားချက်ပြည့်မီစေရန် ဝင်ငွေရလမ်းများ လုပ်ဆောင်ရာတွင် ပြည်သူများအား ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ မျှမျှတတ၊ ဖြစ်သင့်ဖြစ်ထိုက်သည့် လုပ်ငန်းစဉ်များဖြစ်ရန်လိုပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် ဝန်ကြီးများဖြင့် ဖွဲ့စည်းပေးထားပြီးဖြစ်ရာ ကိုယ့်ဒေသ၏ အခြေအနေအမှန်များကို အနီးကပ်သိရှိသူများလည်းဖြစ်ကြကြောင်း၊ အမှန်တကယ်ဒေသနှင့် ပြည်သူများ၏ လိုအပ်ချက်များကို အတွင်းကျကျသိရှိသူများဖြစ်ကြကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်၊ လုပ်သင့်လုပ်ထိုက်သည်များကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားနိုင်သည့်သူများဖြစ်ကြ၍ ပြည်သူ့အကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

ထို့ပြင် ယနေ့တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်ကျရောက်လာမှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေရုံမျှဖြင့် မလုံလောက်တော့ကြောင်း၊ ဖြစ်ပေါ်ပြောင်းလဲနေသည့် သဘာဝအခြေအနေများကို လေ့လာသုံးသပ်၍ ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်းဖြင့် မှာကြားသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင်တည်ရှိပြီး တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း ပဏ္ဏာမရှင်းလင်းတင်ပြပြီး ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ပြီးစီးမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု၊ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်ပြီးစီးမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး ဖွင့်လှစ်မှုနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၊ ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်သောဌာနဆိုင်ရာများ၏ ရငွေနှင့် သာမန်အသုံးစရိတ်ခန့်မှန်းခြေစာရင်းများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမခြောက်လလုပ်ငန်းဆောင်ရွက်မှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်း ချက်အပေါ် ဇွန်လကုန်အထိ အကောင်အထည်ဖော်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ကယားပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဗဟိုအဖွဲ့အစည်း (၃)ခု၊ ဝန်ကြီး/ဦးစီးဌာန အဖွဲ့အစည်း (၂၀)၊ စီးပွားရေးအဖွဲ့အစည်း (၄)ခု စုစုပေါင်း (၂၇)ခုပါဝင်ကြောင်း ပဏ္ဏာမရှင်းလင်းတင်ပြပြီး ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် လျာထားရငွေနှင့် အသုံးစရိတ်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမခြောက်လ၏ ပထမသုံးလပတ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပထမခြောက်လ၏ ဒုတိယသုံးလဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ဒုတိယခြောက်လတွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ကယားပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအစီအစဉ်များ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

လမ်းပန်းဆက်သွယ်ရေး

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူတို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများ၏ ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲပြီးစီးမှု၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဒေသဆိုင်ရာအချက်အလက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

သုံးသပ်ရှင်းလင်း

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွား
ဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြ
သိန်းက တင်ပြချက်များအပေါ် ရှမ်းပြည်နယ်န
တစ်ဦးချင်းဝင်ငွေတိုးတက်ရေး၊ ဆင်းရဲမှုလျှော့န
စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့်သ
များ၏ ဝင်ငွေနှင့် အသုံးစရိတ်ကာမိစေရေးအတ
အစီအစဉ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းန
ချင်းဝင်ငွေ တိုးတက်မှုအခြေအနေများကို သုံး

ယင်းနောက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌ
ချုပ် ဦးလင်းအောင်က တိုင်းဒေသကြီးနှင့်ပြည်
ငွေစာရင်းရေးဆွဲရေးအတွက် မြန်မာနိုင်ငံတော်
ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြ
ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်

အသားကျ

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လို
ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အ
တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွ
ခွင့်ရဒေသ အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာငွေ
ရေးဆွဲရေးလုပ်ငန်းများကို လုပ်ကိုင်သည့်အလေ့
ကြသော်လည်း ယနေ့အချိန်တွင် အခြေခံဥပဒေ
လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အတော်
ဖြစ်ကြောင်း။

မိမိတို့ခွဲဝေရရှိသည့် ဘဏ္ဍာငွေများသုံးစွဲ
စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီအညွတ်ဖြစ်
များတွင် ပါဝင်သူများအနေဖြင့် ကိုယ့်ဒေသအ
များ ဖြစ်သည်နှင့်အညီ မိမိဒေသတိုးတက်
ရောက်ရောက်၊ အကျိုးရှိရှိသုံးစွဲကြရန်လိုကြော

ရှာဖွေဖော်ထုတ်

နောင်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်
အဖွဲ့များကပင် ဘဏ္ဍာငွေအရအသုံးများကို လျ
မှာဖြစ်ကြောင်း၊ စီမံကိန်းလျာထားချက်များ ရေ
ရေးအတွက် ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းများကို
သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

စစ်တောင်းနှင့်ငဝန်မြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၅

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၃၇ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၇ စင်တီမီတာ(၂ ဒသမ ၂ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဆက်လက်တည်ရှိနိုင်

ငဝန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၈၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၄ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြ
အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ
ဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သုံးသပ်ရှင်းလင်း

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တင်ပြချက်များအပေါ် ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့၏ လူတစ်ဦးချင်းဝင်ငွေတိုးတက်ရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးတို့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့်သည့်အချက်များ၊ ဌာနဆိုင်ရာများ၏ ဝင်ငွေနှင့် အသုံးစရိတ်ကာမိစေရေးအတွက် ဆောင်ရွက်သွားရမည့် အစီအစဉ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသများ၏ လူတစ်ဦးချင်းဝင်ငွေ တိုးတက်မှုအခြေအနေများကို သုံးသပ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလင်းအောင်က တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပူးပေါင်း၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အသားကျ

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာငွေစာရင်းရေးဆွဲရေးလုပ်ငန်းများကို လုပ်ကိုင်သည့်အလေ့အကျင့်များ ယခင်ကမရှိခဲ့ကြသော်လည်း ယနေ့အချိန်တွင် အခြေခံဥပဒေနှင့်အညီ ပေးအပ်ထားသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အတော်အသင့် အသားကျလာနေပြီဖြစ်ကြောင်း။

မိမိတို့ခွဲဝေရရှိသည့် ဘဏ္ဍာငွေများသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့် အညီအညွတ်ဖြစ်ရန်လိုကြောင်း၊ အစိုးရအဖွဲ့များတွင် ပါဝင်သူများအနေဖြင့် ကိုယ့်ဒေသအခြေအနေမှန်များကို သိရှိသူများ ဖြစ်သည်နှင့်အညီ မိမိဒေသတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်၊ အကျိုးရှိရှိသုံးစွဲကြရန်လိုကြောင်း။

ရှာဖွေဖော်ထုတ်

နောင်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဦးစီးအဖွဲ့များကပင် ဘဏ္ဍာငွေအရအသုံးများကို လျာထားရေးဆွဲသွားကြရတော့မှာဖြစ်ကြောင်း၊ စီမံကိန်းလျာထားချက်များ ရေးဆွဲရေး၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်းဖြစ် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါ်သီဂီညွန့်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံအုပ်ကြီး၊ ဆရာဝန်၊ ဆရာမနှင့်သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ မွေးကင်းစလူနာဆောင်၊ ခွဲစိတ်ခန်းမကြီး၊ မီးယပ်လူနာဆောင်၊ ကလေးလူနာဆောင်၊ ရောဂါရှာဖွေရေးဌာနနှင့် သွေးလှူဘဏ်(ခွဲ)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးက လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆေးရုံအစည်းအဝေးခန်းမ၌ ဆရာဝန်၊ ဆရာမများအားတွေ့ဆုံ၍ အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံကြီး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့အဖွဲ့လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မွေးကင်းစကလေးငယ်များအပါအဝင် လူနာများကို ဆရာဝန်၊ သူနာပြုများက စေတနာထားပြီး ဂရုစိုက်ကုသဆောင်ရွက်ပေးနေခြင်းကို တွေ့ရှိရသဖြင့် ဝမ်းသာပါကြောင်း၊ ဆက်လက်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြင့်တိုးတက်လာရေး၊ ပြည်သူများ အားကိုးယုံကြည်သည့် ဆေးရုံကြီးအဖြစ် ဆက်လက်ရပ်တည်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေနှင့် Incubator ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

အလားတူ ဆေးရုံမှာ ကလေးလူနာများအတွက် လိုအပ်နေသည့် Incubator များနှင့် ဓာတ်လှေကားတစ်စင်းကို အခြားသောအလှူရှင်များကလည်း လှူဒါန်းခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းကျောင်းဆောင်ခန်းမ၌ကျင်းပသော တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ပြည်နယ်ပညာရေးမှူး ဦးလှဝင်းက ရှမ်းပြည်နယ်၏ ဖွဲ့စည်းပုံအင်အားအရ သင်ကြားရေးဝန်ထမ်းနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ ခန့်ထား၍ ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများ စုစုပေါင်း (၄၆၅၇) ကျောင်းဖွင့်လှစ်ထားရှိမှု၊ ကျောင်းများအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်မှုနှင့် ဆရာနှင့် ကျောင်းသားအင်အား၊ ရှမ်းပြည်နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲ(၃)နှစ်စာ အောင်ချက်နှင့် ဂုဏ်ထူးရရှိမှု၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် မှာကြားရာတွင် နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ခုနှစ် မတ် ၃၀ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် အမျိုးသားပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးတိုးမြှင့်ရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်ပြည့်စုံစုံဖြင့် သင်ကြားပို့ချရေး၊ ကျောင်းသားများ ပညာရည်အဆင့်မြင့်မားရေး၊ ပြည်ပပညာတော်သင်များစေလွှတ်ရေး၊ မူလတန်းပညာ မသင်မနေရမူလတန်းပညာရေးစနစ် အောင်မြင်ရေးနှင့် စဉ်ဆက်မပြတ်ပညာသင်ကြားမှု ဖြစ်ထွန်းနေစေရေး ရည်မှန်းချက်များ ချမှတ်ထားပြီးဖြစ်ကြောင်း၊ အဆိုပါရည်မှန်းချက်များ အောင်မြင်ရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ မိဘ၊ ဆရာနှင့် ကျောင်းသားကျောင်းသူများ၊ စေတနာရှင်ပြည်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ရေးမှာကြားသည်။

လက်ခံ

ယင်းနောက် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအနက် ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်အကောင်းဆုံး အခြေခံပညာအထက်တန်းကျောင်းခြောက်ကျောင်းအား ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက Sky Net ရုပ်သံဖမ်းစက်များကို ပေးအပ်ချီးမြှင့်ရာ တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ကျိုင်းတုံမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိတို့က လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေးနှင့် ဦးမြသိမ်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုအထူးအယူခံမှု ၁၁ မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (အမှုခေါ်စာချွန်တော်) တစ်မှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမအထူးအယူခံမှု ၁၀ မှုကိုလည်း ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစား အလုပ်တာဝန်များကို ရိုးရိုးရှင်းရှင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း(၈)ရပ်အနက် ကျေးလက်ဒေသသမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို သမဝါယမဝန်ကြီးဌာနက ကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်း၍ ကချင်ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းရင်းသားများက အားတက်သရော ပူးပေါင်းဆောင်ရွက်သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသကဲ့သို့ ကျန်လုပ်ငန်း(၇)ရပ်ကိုလည်း သမဝါယမဝန်ကြီးဌာန အနေဖြင့် အထောက်အပံ့ပြု ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၁၀ နာရီခွဲတွင် သမဝါယမဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသော ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ၌ အမှာစကား ပြောကြားသည်။

အကောင်အထည်ဖော်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရသစ် တာဝန်ယူချိန်မှစ၍ ဝန်ထမ်းများသည် စိတ်သစ်၊ လူသစ်ဖြင့်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစားမှုရှိပြီး အလုပ်တာဝန်များကို ရိုးရိုးရှင်းရှင်း ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းတာဝန်တစ်ခု ဆောင်ရွက်ရာတွင် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ထိုးထွင်းဉာဏ်များရှိမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများအတိုင်း တိတိကျကျ လုပ်ဆောင်မှသာ လုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း။

ထည့်သွင်းပြောကြား

သမဝါယမ ဝန်ကြီးဌာနသည် ဌာနကြီး(၃)ခု ပေါင်းစည်းထားသော ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်ပင်ဆောင်ရွက်သွားစေလိုကြောင်း၊ သမဝါယမသည် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် အနက်အဓိပ္ပာယ်အတိုင်း ဌာန/လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

...ရေအခြေအနေ

...၅

...င်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၃၇ စင်တီ... ဒသမ ၂ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ ...၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်

...င်မြို့တွင် ၁၁၈၄ စင်တီမီတာသို့ ရောက်ရှိ ...ခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ...ရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ...မှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အနေတတ်၍ အသေမြတ်ရေး** တရားတော် (ဆရာတော်ဘဒ္ဒန္တဝိစိတ္တ)
- ၆:၄၀ စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၀)
- ၈:၅၀ ဆန္ဒပြည့်ဝ… ဖူးကြမသွေနှစ်ဆန်ပုဒ္ဒေ
- ၉:၁၀ ကုသိုလ်ပြုကာဆင်ယင်နွဲ့ ဒီပဲယင်းရှင်ပြုပွဲ
- ၉:၂၀ မြန်မာနိုင်ငံဂီတအစည်းအရုံး ဗဟိုနှင့်တွေ့ဆုံဆွေးနွေးခြင်း
- ၉:၄၅ Cartoon Show Time (Road Rally)
- ၁၀:၃၀ Activities in the City သံတွဲခရိုင်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ
- ၁၀:၄၅ Celebrity Style (ဝါဆိုမိုးဦး)
- ၁၁:၀၀ International Show Biz
- ၁၁:၂၀ အရဏ်ဦးမှအလှဆင်စရာ ခန်းဆီးလိုက်ကာများ
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ သင်ကြားရေးလမ်းညွှန် (Youth Training Center)
- ၁၂:၃၀ မြိုင်ပရဟိတသီလရှင်စာသင်တိုက်မှ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ
- ၁၂:၄၀ ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (E.S.4.E)
- ၁:၀၀ **အနေတတ်၍ အသေမြတ်ရေး** တရားတော် (ဆရာတော်ဘဒ္ဒန္တဝိစိတ္တ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စက်မှုပညာလေ့လာစရာ (CONNECTING ROD)
- ၂:၅၀ Keen Cie Health Care Services မှ Apollo ဆေးရုံအား မိတ်ဆက်ပေးခြင်း
- ၃:၀၅ ပြေတီဦးပညာရေးဖောင်ဒေးရှင်း အင်တာနက်ပေါ်သို့ စတင်လွှတ်တင်ခြင်း အခမ်းအနား
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၈)
- ၄:၁၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၀)
- ၅:၀၅ Activities in the City (ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း၏ အလှူငွေပေးအပ်ပွဲ)
- ၅:၂၅ The Champion of Dance
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ Activities in the City (Yangon Expo 2011)
- ၆:၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၉)
- ၇:၂၅ Celebrity Choice (မိုးဟေမာန်ခင်)
- ၇:၄၅ ကြည့်ရှုစရာသတ္တဝါအစုံအလင်နဲ့ အပန်းဖြေအနားယူနိုင်တဲ့ ဗန်ကောက်မှ SAFARI WORLD
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ **အနုပညာမိုးကောင်းကင်**
- ၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၁)
- ၁၀:၂၀ စာအုပ်ပြခန်း (အဝေးရောက်မင်းဦးအောင်ကြည်၏ ဘဝထုပ္ပတ်အကျဉ်းနှင့် စာပေ၊ ကဗျာ၊ ဂီတ အလင်္ကာ စာရေးဆရာမော်ဝန်းကြည်မြတ်)
- ၁၀:၄၀ ပေါင်းစုလို့ဆင်နွဲ(၇)ရက်သားသမီး အမြဲတမ်းအလှူရှင်များ အဖွဲ့၏အလှူပွဲ
- ၁၀:၅၅ ဖန်တီးသူနှင့်အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း -၁)
- ၁၁:၂၀ နောက်မကျရအောင် မင်းသူ၊ မိုးပြည့်ပြည့်မောင် ဒါရိုက်တာ-ကြည်စိုး
- ၁၁:၃၀ World of Knowledge (Ultimate Disaster TORNADO)
- ၁၂:၂၀ မြန်မာအက္ခရာအသုံးပြုနိုင်သော … CDMA Mobile Phone
- ၁၂:၄၀ ငှက်ဖျားတိုက်ဖျက်ရေး အကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
- ၁:၀၅ ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
- ၁:၂၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
- ၁:၄၀ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၂:၀၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
- ၂:၂၅ ဒို့တိုင်းဌာနီဧရာဝတီ (ဧရာဝတီတိုင်းဒေသကြီး၏ ဆီထွက်သီးနှံပင်များ)
- ၂:၅၅ နွေးထွေးသောဝန်ဆောင်မှုများနှင့် ဖခင်
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ ဆည်မြောင်းရဲ့အားမာန်… ပြိုင်းချောင်းရေလှောင်တမံ
- ၄:၁၅ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများ နှင့် တစ်မူထူးခြားထာပွဲများ
- ၄:၃၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာပေဖြင့် နိုင်ငံပြုကြအံ့

ရွှေပိုးဉ

နိုင်ငံတစ်နိုင်ငံအတွက် အနာဂတ်ကောင်းရှိသည်ဟု ပြောနိုင်သည့် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ နိုင်ငံ၏အကျိုးစီးပွားကို ပျက်စီးစေသော အဖျက်အဆီးမှန်သမျှကို တွန်းလှယ်ဖယ်ရှားရင်း ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နေသော နိုင်ငံသားများရှိနေခြင်းနှင့် ဒုတိယအချက်မှာ နိုင်ငံ၏ပညာရေးအခြေခံ တောင့်တင်းမှု၊ ဗဟုသုတနှင့်အသိပညာ၊ အတတ်ပညာကြွယ်ဝခြင်းတို့ဖြစ်သည်။ သို့ရာတွင် ပညာရေးအခြေခံ တောင့်တင်းမှုသည် နိုင်ငံတစ်နိုင်ငံအတွက် ပဓာနအကျဆုံးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပညာနည်းက အကျိုး၊ အပြစ်ကို မဝေခွဲနိုင်ဘဲ ဖျက်ဆီးမှု မှန်သမျှကို တွန်းလှန်နိုင်မည်မဟုတ်သောကြောင့် ဖြစ်သည်။

ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှု အခြေခံအကြောင်းရင်းဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးတို့တွင် စာတတ်မြောက်ရေးသည် အဓိကနှင့်လက်တွေ့ကျသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းအမြစ်ဖြစ်သော စာတတ်မြောက်မှုသည် ပညာရေး၊ လေ့ကျင့်မှုတို့နှင့် သင်ယူမှုတို့၏ အခြေခံဖြစ်သည်။ ယနေ့လူ့အဖွဲ့အစည်းသည် ရှုပ်ထွေးပြီး လျင်မြန်စွာပြောင်းလဲနေသောကြောင့် အခြေခံစာတတ်မြောက်နေရုံမျှဖြင့် မလုံလောက်တော့ပေ။ စာတတ်မြောက်ခြင်းဆိုသည်မှာ ရေးနိုင်ခြင်း၊ ဖတ်နိုင်ခြင်းသာမက ဘဝနှင့်သက်ဆိုင်သော ကျွမ်းကျင်မှုများကိုပါ ရှာဖွေနိုင်ခြင်းဖြစ်သည်။

လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတွင် လုပ်ပိုင်ခွင့်ရရှိစေနိုင်သည့် လက်နက်မှာလည်း စာတတ်မြောက်မှုပင်ဖြစ်ပါသည်။ စာတတ်မြောက်မှုကြောင့်သာ လူမှုပတ်ဝန်းကျင်၌ လိုက်လျောညီထွေစွာ နေထိုင်တတ်ခြင်း၊ သင်ယူနိုင်ပုံပေါ်မူတည်၍ လူသားတို့၏ ဘဝဆက်လက်ရှင်သန် ရပ်တည်နိုင်ခြင်း၊ လူမှုရေးနယ်ပယ်တွင် ပါဝင် ဝင်ဆံ့ ဆောင်ရွက်နိုင်ခြင်းစသော အာမခံချက်များ ရရှိနိုင်မည်ဖြစ်သည်။

စာတတ်မြောက်မှုသည် နိုင်ငံတိုင်းအတွက် အရေးကြီးသောကဏ္ဍ ဖြစ်နေသော်လည်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတိုင်းမှ လူသားအားလုံး အရွယ်ရောက်ပြီးသူတိုင်း စာတတ်မြောက်ကြသည်ဟူ၍ မရှိသေးပေ။ ကုလသမဂ္ဂ၏ ဆန်းစစ်ချက်များအရ ယနေ့ကမ္ဘာကြီးတွင် လူဦးရေ သန်းလေးထောင်သည် စာတတ်ပြီးသူများဖြစ်ကြသော်လည်း သန်း ၇၇၀ ကျော်သည် စာတတ်ရန်လိုနေသေးကြောင်း၊ ကလေး ၇၅သန်းမှာလည်း ကျောင်းမနေသေးသူများ၊ ကျောင်းထွက်သွားရသူနှင့် ပုံမှန် မတက်နိုင်သူများဖြစ်ကြောင်း၊ နိုင်ငံ ၃၅ နိုင်ငံတွင် စာတတ်မြောက်မှုမှာ ၅၀ ရာခိုင်နှုန်းထက်နည်းနေပြီး လူ ၁၀ သန်းကျော်သည် စာမတတ်ဘဲရှိသေးကြောင်း၊ ကမ္ဘာကြီး၌ စာမတတ်သူ ၈၅ ရာခိုင်နှုန်းသည် အဆိုပါနိုင်ငံများတွင် နေထိုင်ကြသူများ ဖြစ်ကြောင်း သိရှိရသည်။ စာမတတ်သူဦးရေမှာ အာရှနှင့် အာဖရိကတွင် အများဆုံးဖြစ်သည်။ အာဖရိက၏ စာမတတ်သူလူဦးရေမှာ ၄၅ ရာခိုင်နှုန်းဖြစ်ပြီး အာရှတွင် စာမတတ်သူဦးရေ သန်း ၇၀၀ ခန့်ရှိခဲ့သည်။

ဤကဲ့သို့ စာမတတ်သူဦးရေများပြားမှုကြောင့် နစ်နာဆုံးရှုံးမှုများကို ကမ္ဘာ့နိုင်ငံတိုင်း၌ ကြုံတွေ့ခံစားနေရသည်။ ဥပမာ အသေးအဖွဲ့လေးတစ်ခုကို တင်ပြမည်ဆိုပါက ချီကာဂိုမြို့ရှိ မွေးမြူရေးခြံမှ အလုပ်သမားတစ်ဦးသည် ကျွဲနွားကျွေးအစာနှင့် အဆိပ် မှားကျွေးမိ၍ ကျွဲနွားများဆုံးရှုံးခဲ့ရသည်။ အလုပ်သမားများစာတတ်မြောက်မှုမရှိပါက လုပ်ငန်းခွင်ထိခိုက်နစ်နာစေပါသည်။ ကုန်ထုတ်စွမ်းအားနိမ့်ကျခြင်း၊ စက်ရုံ အလုပ်ရုံအတွင်း မတော်တဆထိခိုက်မှုများဖြစ်ပွားခြင်း၊ ထုတ်ကုန်အရည်အသွေး ညံ့ဖျင်းခြင်းများဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ် ၂၀ ဘီလီယံဖိုးခန့် ကုန်ထုတ်စွမ်းအားလျော့နည်းလျက်ရှိနေပေသည်။ ထို့ပြင် စာမတတ်မှုကြောင့် အလုပ်အကိုင်မရှိသူများကို ထောက်ပံ့ပေးနေရသည့် ငွေကြေးပမာဏပေါင်လျှင် အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်ရှိနေသည်။ အမေရိကန်တစ်နိုင်ငံတည်း၌ပင် ဤကဲ့သို့ ဆုံးရှုံးမှုများပြားနေလျှင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ နစ်နာဆုံးရှုံးမှုများ အလွန်ကြီးမားလျက်ရှိမည်ကို မှတ်ချက်ချနိုင်ပေမည်။ ဤအဖြစ်အပျက်များသည် စာတတ်မြောက်ခြင်း၏ အရေးပါပုံကို အဓိကဖော်ညွှန်းနေသည့်အချက်များပင် ဖြစ်သည်။

ထို့ကြောင့် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် အီရန်နိုင်ငံ တီဟီရန်မြို့တွင် နိုင်ငံတကာစာမတတ်သူပပျောက်ရေး စီမံချက်ရေးဆွဲခြင်းမှ အရင်းတည်ကာ စက်တင်ဘာလ ၈ ရက်နေ့ကို **"နိုင်ငံတကာစာတတ်မြောက်ရေးနေ့"** ဟု သတ်မှတ်ခဲ့သည်။

ထိုနည်းတူ မြန်မာနိုင်ငံသည်လည်း နိုင်ငံတိုးတက်မှုအတွက် ပဓာနကျသော ပညာရေးအခန်းကဏ္ဍတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် အဆင့်မြင့်ပညာများကို မိမိဒေသအတွင်း၌ သင်ယူနိုင်ရန် တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံအဆင့်အတွက်လည်း ကျေးလက်ဒေသများပါမကျန် စာသင်ကျောင်းပေါင်းများစွာ နိုင်ငံအနှံ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ လက်ရှိတွင် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကိုချမှတ်ပြီး မြန်မာနိုင်ငံအတွက် အနာဂတ် ကောင်းမွန်ပြီး စာမတတ်မှုလျော့နည်းပပျောက်သွားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သက်ကြီးစာတတ်မြောက်ရေးအတွက် နယ်စပ်ဒေသ 'အ'သုံးလုံး လုပ်ငန်းများ စဉ်ဆက်မပြတ် ကြိုးပမ်းပေးလျက်ရှိပါသည်။ ၁၈၈၆ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံသည် တိုင်းတစ်ပါး လက်အောက်သို့ကျရောက်ပြီး စာတတ်မြောက်မှုနှင့် မြန်မာ့ပညာရေးမှာ နိမ့်ကျသည့် သမိုင်းအရိပ်မည်းကိုလည်း ယနေ့နိုင်ငံတော်က တွန်းလှန်ပယ်ဖျက်ပြီး အဘက်ဘက်မှတိုးတက်စေရန် နည်းစနစ်မှန်ကန်စွာဖြင့် ဖော်ဆောင်လျက်ရှိသည်။ လူတိုင်း စာတတ်မြောက်စေရေးအတွက် အောက်ပါရည်မှန်းချက်များချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အတိုင်းအတာတစ်ခုထိ တိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်ပါသည်-

(၁) စာမတတ်သူ ပြည်သူတစ်ရပ်လုံး စာတတ်မြောက်လာစေရန်၊

(၂) အတွေးအခေါ်သစ်များနှင့် မှန်ကန်သော သဘောထားများကို ပိုမိုရင့်သန်လာစေရန်၊

(၃) လူ့ဘဝလူ့အမြင် ပိုမိုကျယ်ပြန့်လာစေရန်၊

(၄) ရပ်ရွာလူမှုရေးလုပ်ငန်းများတွင် ပိုမိုတက်ကြွစွာပါဝင်လာစေရန်၊

(၅) ကုန်ထုတ်လုပ်ငန်းနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊

(၆) ပြည်သူတစ်ရပ်လုံး၏ ပညာရေးအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊

(၇) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းအောင်မြင်မှုများကြောင့် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက်နှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့များတွင် ယူနက်စကိုအဖွဲ့ချုပ်က **"မိုဟာမက်လီဇာပါလာဗီဆု" နှင့် "နိုမာဆု"** တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထိုသို့ မြန်မာနိုင်ငံကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့ခြင်းသည် မြန်မာနိုင်ငံ စာတတ်မြောက်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် မြန်မာ့ဂုဏ်ဆောင်အထိမ်းအမှတ် အောင်ပွဲများအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပြီ ဖြစ်သည်။

စာပေတွင် သေးငယ်သောအပ်တစ်ချောင်းအကြောင်းမှသည် နောက်ဆုံးပေါ် နည်းပညာများအထိ မှတ်တမ်းတင်ထားပြီးဖြစ်ရာ စာပေနှင့်ကင်းလွတ်၍ ထင်ရှား ကျော်ကြားသူမရှိ၊ စာပေနှင့်ကင်းလွတ်၍ တိုးတက်သောနည်းပညာဟူ၍ မရှိပါချေ။ စာသည် လူ့အဖွဲ့အစည်း အဓွန့်ရှည်တည်တံ့ရေးအတွက်၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပင်မရေသောက်မြစ်ပင်ဖြစ်သည်။ စာဖတ်ခြင်းသည် စာလုံးများကို ဖတ်ရှုခြင်းသာ မဟုတ်ဘဲ ကမ္ဘာကြီးကိုပါ လေ့လာဖတ်ရှုခြင်းဖြစ်သည်ဟူသည့် ရှုမြင်ခံယူမှုမျိုးဖြင့် လူသားအားလုံး စာပေကို ခုံမင်မြတ်နိုးစွာ ဖတ်မှတ်လိုက်နာမှတ်သားသင့်သည်။

နိုင်ငံတော်က စာတတ်မြောက်မှုအတွက် ဘက်စုံထောင့်စုံကဏ္ဍစုံမှ ကြိုးပမ်းအားထုတ်နေသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူများပူးပေါင်းကာ တစ်နိုင်ငံလုံးအတွက် အသိပညာ၊ အတတ်ပညာဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်သည့် ကျေးရွာစာကြည့်တိုက်များကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ဤစွမ်းဆောင်ချက်မှာ အမျိုးသားရေးကြိုးပမ်းမှုတစ်ရပ်ပင်ဖြစ်ရာ ကျေးလက်ပြည်သူများအတွက် **"နေအရုဏ် သင့်ကြာမှုံပွင့်"** ဆိုသကဲ့သို့ စာအုပ်စာပေများကို အဆင်သင့် အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ကြပြီဖြစ်ပါသည်။ ယခုအခါ တစ်နိုင်ငံလုံးတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အရေအတွက် ၅၅၇၅၅ တိုက် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ကျေးရွာစာကြည့်တိုက်များဖောင်ဒေးရှင်းကလည်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြု ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤကဲ့သို့ အဘက်ဘက်မှ ကြိုးပမ်းအားထုတ်နေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအရ စာတတ်မြောက်မှုနှင့် ရင်သွေးများ ပညာရည်မြင့်မားစေရန်အတွက် အနီးကပ်ပြုစုပျိုးထောင်ပေးသော မိဘနှင့် ဆရာသမားတို့၏ တာဝန်သည်လည်း အရေးကြီးသော အခန်းကဏ္ဍတွင် တည်မှီပါသည်။ စာတတ်သောမိသားစုအတွင်းရှိကလေးများသည် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတွင် အလားအလာများစွာ ကောင်းမွန်နိုင်ပါသည်။ ထို့ကြောင့် မိဘများသည်လည်း မိမိရင်သွေး ပညာရေးကောင်းမွန်နိုင်စေရန်အတွက် ရင်အုပ်မကွာ ဂရုတစိုက်ထိန်းကျောင်းသင့်ပါသည်။ ထိုနည်းတူ နောင်တစ်ချိန်တွင် ထွန်းတောက်လာမည့် လင်းလက်သည့်ကြယ်အစုကဲ့သို့ လူငယ်လူရွယ်များကို မွေးထုတ်ပေးနေသော ဆရာ ဆရာမများသည် တာဝန်ကျေပွန်သည့် ဆရာများအဖြစ် ရှိနေသင့်ပါသည်။ ဆရာဟုဆိုရာတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ရှိနေသော်လည်း ပညာသင်ပေးသည့်ဆရာသည်သာ ပေါ်လွင်ထင်ရှား မြင်သာထင်သာရှိပါသည်။ ထို့ကြောင့် **ဆရာကောင်း တပည့် ပန်းကောင်းပန်** စေရန်အတွက် ဆရာတိုင်းသည် ဆရာကျင့်ဝတ်၊ ဆရာအရည်အချင်းများပြည့်မီနေရန် အထူးလိုအပ်လှပေသည်။ အခြေခံကျောင်းနေအရွယ်မှ စနစ်တကျရှိခဲ့ပါမှ နောင်တစ်ချိန်တွင် ပညာပြည့်ဝသော လူငယ်လူရွယ်များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထိုကဲ့သို့ ပညာတတ်များ တိုးပွားများပြားလာမှသာ အကောင်း၊ အကျိုး၊ အဆိုး၊ အပြစ်ခွဲခြားကာ ကြုံတွေ့လာရသည့် အနှောင့်အယှက် အတားအဆီးမှန်သမျှကို အောင်မြင်စွာဖြေရှင်းကျော်လွှားနိုင်ပြီး လူ့ဘောင်ပြည်ရွာဖွံ့ဖြိုးသာယာလာနိုင်လိမ့်မည် ဖြစ်သည်။

ထိုကဲ့သို့ တိုင်းပြည်သာယာဖွံ့ဖြိုးရန်အတွက် အဘက်ဘက်မှ တာဝန်ကျေပွန်စွာထမ်းဆောင်ကြပြီး လူသားတစ်ဦးချင်းစီကလည်း **"စာမတတ်သူ တို့ဝိုင်းကူ"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပူးပေါင်းဖြည့်တင်း ပါဝင်သင့်သည်။ ထိုသို့ လုပ်ဆောင်မှုသည် ပညာပါရမီ ဖြည့်ဆည်းခြင်းဖြစ်သဖြင့် လောကီ၊ လောကုတ်နှစ်ဖြာသော အကျိုးဖြစ်ထွန်းစေသည့်အပြင် မွန်မြတ်သော၊ သန့်စင်သောအမျိုးဂုဏ်ကို မြှင့်တင်ခြင်းလည်း ဖြစ်သည်။ အေးချမ်းသာယာစေချင်သည်ဆိုပါက ကာယအားနှင့် တိုင်းပြည်တိုးတက်ရန်အတွက် ကြိုးစားခြင်းထက် ဉာဏအားသည်သာ ပိုမိုထိရောက်နိုင်မည်ဖြစ်သောကြောင့် တစ်နိုင်ငံလုံးစာတတ်မြောက်မှုအတွက် လူသားအားလုံးတွင် တာဝန်ရှိပါသည်။

ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံသည် ခေတ်သစ်၊ စနစ်သစ်၊ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့်ကာလဖြစ်သည့်အလျောက် **'စာပေဖြင့် နိုင်ငံပြုကြအံ့'** ဟု ဝင့်ကြွားနိုင်စေရန် **'လူ့ဘောင်တစ်ပြည်လုံးသာယာပြီး စာတတ်မြောက်နိုင်ရေးကို ပူးပေါင်းပါဝင်အားဖြည့်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်လိုက်ကြပါစို့'** ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၆-၉-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ ပညာပေးဇာတ်လမ်းတို
- ၈း၂၅ ၁၄။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၉။ အင်္ဂလိပ်စာသုတ
- ၄း၄၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၁၁။ စာတတ်မြောက်ရေး ဝိုင်းကူပေး
- ၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၃၄)
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၆။ လျှပ်တစ်ပြက်
- ၆း၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း-၂၂)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဒို့တာဝန်အရေး(၃)ပါး
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ ဟာသရုပ်စုံ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ **FIFA BEACH SOCCER WORLD CUP RAVENNA 2011 Venezuela Vs Russia (Live)**
- ၂၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂၈။ သီချင်းလက်ဆောင်
- ၂၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၃၀။ **FIFA BEACH SOCCER WORLD CUP RAVENNA 2011 - Brazil Vs Japan (Live)**

မကွေး-ကံပြား-မြို့သစ်-နေပြည်တော်လမ်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက မကွေး-ကံပြား-မြို့သစ်-နေပြည်တော်လမ်းတစ်လျှောက် လမ်း/တံတား အခြေအနေများကိုလည်းကောင်း၊ မြို့သစ်-နေပြည်တော်လမ်းပိုင်း မြို့သစ်မြို့နယ်အတွင်း မိုင်တိုင်အမှတ်(၃၁/၅)နှင့် (၃၁/၆)အကြားရှိ တံတားအမှတ်(၂/၃၂) နေပြည်တော်ဘက်ကမ်း ချဉ်းကပ်လမ်း မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားခံရမှုကြောင့် ၁၀ ပေခန့် ပျက်စီးခဲ့ရမှုအား ပြန်လည်ပြုပြင်ရန် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် မြို့သစ်-နေပြည်တော်လမ်းပိုင်း မြို့သစ်မြို့နယ် မိုင်တိုင်အမှတ်(၃၃/၁)နှင့် (၃၃/၂)အကြားရှိ သရက်ခွချောင်းတံတား၊ မြို့သစ်ဘက်ကမ်း ချဉ်းကပ်လမ်း ရေတိုက်စားခံရမှုကြောင့် လမ်းသား ၁၀ ပေခန့် ပျက်စီးခဲ့ရမှုအခြေအနေကိုလည်းကောင်း၊ ကံပြား-မြို့သစ်လမ်းပိုင်း မြို့သစ်မြို့နယ် မိုင်တိုင်အမှတ်(၅၅/၂)ရှိ ယင်းချောင်းတံတား၊ မြို့သစ်ဘက်ကမ်း ချဉ်းကပ်လမ်း ချောင်းရေလျှံတက် တိုက်စားခံရမှုကြောင့် ပေ၂၀၀ခန့် ပျက်စီးခဲ့မှု အခြေအနေကိုလည်းကောင်း၊ မြို့သစ်-နတ်မောက်လမ်း နတ်မောက်မြို့နယ်အတွင်းရှိ ယင်းချောင်းတံတား မြို့သစ်ဘက်ကမ်း ချဉ်းကပ်လမ်းအား ချောင်းရေလျှံတက် တိုက်စားခံရမှုကြောင့် ၁၀ ပေခန့် ပျက်စီးခဲ့မှု အခြေအနေကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အမ်းမြို့နယ်၌ ကျင်းပ

အမ်း စက်တင်ဘာ ၅

အမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ခြံဝင်းအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေနှင့် ဝန်ထမ်းများက နှစ်ရှည်သီးနှံပင်များ၊ အရိပ်ရ သစ်ပင်များ၊ ပန်းအလှပင်များ၊ စားသုံး သီးနှံပင်များဖြစ်သော ကင်ပွန်းချဉ်ပင်၊ ဆူးပုပ်ပင်၊ ဒန့်သလွန်ပင်၊ ပေါက်ပန်းဖြူပင်၊ ချဉ်ပေါင်ပင်၊ ကန်စွန်းပင်များ၊ သရက်ပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်၊ မာလကာပင်၊ သင်္ဘောပင်၊ ဆီးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုဂ္ဂလိကငွေစုငွေချေး မတည်ငွေများ အလုံမြို့နယ်၌ ထုတ်ပေး

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ခရိုင်လုပ်ငန်းကော်မတီနှင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆပ်ကော်မတီတို့မှ ခရိုင်အတွင်း မြို့နယ် ၁၃ မြို့နယ်ရှိ အသေးစား ပုဂ္ဂလိက ငွေစုငွေချေး အသင်းဝင်များသို့ မတည်ငွေပေးအပ်ခြင်းနှင့် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီခွဲက အလုံမြို့နယ် အလုံခန်းမ၌ ကျင်းပရာ **(အပေါ်ဝဲပုံ)** ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်တို့က အသေးစား ပုဂ္ဂလိက ငွေစုငွေချေး အသင်းများအား ငွေစုငွေချေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငွေချေးယူမည့်သူ ၄၂၁၅ ဦးအား စုစုပေါင်း ချေးငွေများ ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ထွေ/အုပ်)

အမျိုးသမီးနှင့် ကလေးကျန်းမာရေး ထန်းတပင်မြို့၌ အသိပညာပေးဆွေးနွေး

ထန်းတပင် စက်တင်ဘာ ၅

အမျိုးသမီးနှင့်ကလေးငယ်များ ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၈ ရက်ကကျင်းပရာ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စိန်စိန်က အမျိုးသမီးနှင့် ကလေးငယ်များ ကျန်းမာဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်အချက်အလက်များကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ဝ၄၈)**

ဖွင့်လှစ်ပေး

စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက်ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲကို စက်တင်ဘာ ၁ ရက်က ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါက်တာအေးကျော်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးခင်တိုး၊ ရပ်ကွက်အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးထိန်ဝင်းတို့ ဖွင့်လှစ်ပေးကြစဉ်။ (၀၀၇)

ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး သံတောင်ကြီး၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

သံတောင်ကြီး စက်တင်ဘာ ၅

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက သံတောင်ကြီးမြို့နယ် အုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တင်ပြဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောခူးရီ တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးညွန့်ရွှေက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ကဏ္ဍ(၈)ရပ် ဆပ်ကော်မတီ စာရင်းကို တင်ပြဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး ကျေးလက်လူမှုစီးပွား အထောက်အကူပြု ဆပ်ကော်မတီ အတွင်းရေးမှူး ဦးစောတီမသေက လုပ်ငန်းနယ်ပယ် (၆)ရပ်တွင် ပါဝင်သော ဌာနဆိုင်ရာများအား နယ်ပယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်က မေးမြန်းဆွေးနွေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောခူးရီက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်လေးပင်မြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ညောင်လေးပင် စက်တင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မုက္ခမူချိန်းချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၆ရက်က ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟစိုးနှင့် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မိုးဆွေနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသိန်းကို မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

လားရှိုးမြို့နယ် သစ်တောဦးစီးဌာန ကျေးလက်နေပြည်သူများအတွက် ထင်းများဝေငှ

လားရှိုး စက်တင်ဘာ ၅

လားရှိုးမြို့နယ်သစ်တောဦးစီးဌာနက လားရှိုးမြို့ နမ့်ပေါင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်အနေဖြင့် ကျေးလက်နေပြည်သူများအား ဩဂုတ် ၂၃ ရက်က ထင်းများဝေငှပေးအပ်ပွဲ ကျင်းပရာ တွဲဖက်ပြည်နယ် သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက နမ့်ပေါင်ကျေးရွာရှိ အိမ်ထောင်စု ၁၂၀ အတွက် ထင်း ၃၃ ဒသမ ၃၀ တန် ဝေငှပေးနိုင်ခြင်းမှာ ကျေးရွာပိုင် ထင်းစိုက်ခင်းများကို စနစ်တကျ ခုတ်လှဲ၍ ဒေသခံပြည်သူများကို ဝေငှပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးက ထင်းစိုက်ခင်းများမှ ထင်းထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝတောများမှ ထင်းခုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဦးက ကျေးရွာပိုင်ထင်းစိုက်ခင်းကို ၂၀၀၆ ခုနှစ်က စိုက်ပျိုးခဲ့ပြီး ယခုကဲ့သို့ ရွေးချယ်ခုတ်လှဲနည်းစနစ်ဖြင့် စဉ်ဆက်မပြတ် ထုတ်လုပ်သုံးစွဲနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ဝေငှပေး

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လားရှိုးမြို့နယ် ပုန်းထွန်ကျေးရွာ၌လည်း အိမ်ထောင်စု ၇၀ အတွက် ထင်း ၂၃ ဒသမ ၅၀ တန်ကို ဒေသခံပြည်သူများအား ဝေငှပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်းမြို့၌ စပါးကွင်းများအတွင်း ငါးရှဉ့်မျိုးများ စိုက်ထည့်

ဝမ်းတွင်း စက်တင်ဘာ ၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်စေရေး အထောက်အကူပြုစေရန်နှင့် ငါးရှဉ့်ထုတ်လုပ်မှု တိုးတက်စေရေးကိုရည်ရွယ်၍ မိတ္ထီလာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရွာသချာကျေးရွာအုပ်စု ကျားသေကန်ကျေးရွာတွင် ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက စပါးခင်းများနှင့် သဘာဝကွင်းများအတွင်းသို့ ငါးရှဉ့်မျိုးသားပေါက်များ စိုက်ထည့်ပေးခြင်းအခမ်းအနားကို ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မိတ္ထီလာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစုံမှိုင်းက ငါးရှဉ့်မျိုးများ စိုက်ထည့်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ငါးရှဉ့်မျိုး ၉၁ ပိဿာကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက စပါးခင်းများနှင့် သဘာဝကွင်းများအတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။ **(၄၁၀)**

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဟောပြော

နမ္မတီး စက်တင်ဘာ ၅

ကချင်ပြည်နယ် နမ္မတီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီက နမ္မတီး အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဖြန့်ဝေပေး

အခမ်းအနားတွင် နမ္မတီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်သက်က လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် သတိပြုရမည့်အချက်များ၊ ဆောင်ရန်ရှောင်ရန်နည်းလမ်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများအကြောင်းကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဂေါသကလမ်း၊ အမှတ်(၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၅-၉-၂၀၁၁ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace)၏ အလံပုံစံ



ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (အိတ်ဖွင့်ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း)

၁။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ညောင်ဦးမြို့နယ်၊ ပုဂံဂေါက်ကွင်းကို ဈေးပြိုင်စနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါ၍ ဂေါက်ကွင်းလုပ်ငန်းဆောင်ရွက်မည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၂ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ တင်သွင်းရန် ဖြစ်ပါသည်။

၃။ ဈေးနှုန်းအဆိုပြုလွှာဆိုင်ရာသတ်မှတ်ချက်များကို သတင်းစာ၌ ကြော်ငြာပါသည့် ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊
နေပြည်တော် ဖုန်း-၀၆၇-၄၁၀၅၁၇၊ ၀၆၇-၄၁၀၅၁၈၊ ၀၆၇-၄၁၀၃၂၇

အမည်ပြောင်း

ဦးလှတင့်ဦး၏သမီး အထက-၃၊ ဒဂုံ/မြောက်၊ တက္ကသိုလ်ဝင်တန်း(L) မှ မဆုဆုဖြိုးအား မစမ်းဝင်းအောင်ဟု ပြောင်းလဲခေါ်ရန်။ **မစမ်းဝင်းအောင်**



နိုင်ငံတကာအားကစား

အာရှဇုန်ခြေစစ်ပွဲ ဂျပန်အမျိုးသမီးအသင်း တောင်ကိုရီးယားကို အနိုင်ရ

ကျီနန် စက်တင်ဘာ ၅

လန်ဒန်မြို့မှာ ကျင်းပမယ့် ၂၀၁၂ခုနှစ် အိုလံပစ်အားကစားပွဲတော်မှာ ပါဝင်ဆင်နွှဲနိုင်ဖို့အတွက် တရုတ်နိုင်ငံ ကျီနန်မြို့မှာ စက်တင်ဘာ ၄ ရက်က အာရှအမျိုးသမီးဘောလုံးခြေစစ်ပွဲအဖြစ် ဂျပန်

ဂျပန်အမျိုးသမီးအသင်း တောင်ကိုရီးယားအသင်းကိုနိုင်ပြီး အောင်ပွဲခံနေစဉ်။

နဲ့ တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားတဲ့အခါ ဂျပန်အမျိုးသမီး ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ဂျပန်အသင်းရဲ့ဦးဆောင်ဂိုးကို ကွင်းလယ်ကစားသမား မီဇူဟိုက ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် မိနစ် ၂၀ အကြာမှာ တောင်ကိုရီးယားအသင်းမှ ဂျီဆိုယန်က ချေပဂိုး ပြန်သွင်းယူလိုက်တာကြောင့် တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် ပထမပိုင်း ပွဲချိန်မပြည့်မီမှာပဲ ဂျပန်အသင်းမှ ရှီနိုဘူက အဝေးက အမှတ်မထင် ကန်သွင်းလိုက်တဲ့ဂိုးကြောင့် ဂျပန်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ တောင်ကိုရီးယားအမျိုးသမီးအသင်းဟာ ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ ချေပဂိုးရရှိရေး အခွင့်အရေးတွေ ရရှိခဲ့ပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့လို့ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါတယ်။

နောက်ထပ်ပွဲစဉ်အဖြစ် ဩစတြေးလျနဲ့ ထိုင်းအမျိုးသမီးအသင်းတို့ပွဲမှာ အာရှချန်ပီယံ ဩစတြေးလျအသင်းက ထိုင်းအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားခဲ့ပြီး တရုတ်နဲ့ မြောက်ကိုရီးယားအသင်းတို့ကတော့ ဂိုးမရှိသရေပွဲ ဖြစ်သွားခဲ့ပါတယ်။ ဒုတိယအဆင့် ပတ်လည်ပွဲပြီးသွားတဲ့အခါ ဂျပန်က ခြောက်မှတ်၊ မြောက်ကိုရီးယားက လေးမှတ်၊ ဩစတြေးလျက သုံးမှတ်၊ တရုတ်က နှစ်မှတ်၊ တောင်ကိုရီးယားက တစ်မှတ်နဲ့ ထိုင်းက အမှတ်မရရှိသေးပါဘူး။ ***(အင်တာနက်)***

ဖခင်အမည်မှန်

တောင်ဥက္ကလာပ၊ (၁၂)ရပ်ကွက်၊ မေတ္တာလမ်းနေ မောင်အောင်ကိုသက် ၁၄/ကလန(နိုင်)၁၁၀၉၁၂၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင်(ခ)ဦးမြတ်ဇော် ၁၄/ကလန(နိုင်)၀၀၃၈၇၄ ဖြစ်ပါကြောင်း။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်-ရေးသားသည်

ပါကစ္စတန်၌ မိုးသည်းထန်ပြီးရေလွှမ်း ၈၈ ဦး သေဆုံး၊ ရှစ်သိန်းခန့် ရေဘေးဒုက္ခကြုံတွေ့

အစ္စလမ္မာဘတ် စက်တင်ဘာ ၅

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ စက်တင်ဘာ ၅ ရက်အထိ သေဆုံးသူ ၈၈ ဦးရှိပြီး ပြည်သူ ရှစ်သန်းခန့် ရေဘေးဒုက္ခနှင့် ကြုံတွေ့ရလျက်ရှိကြောင်း ပါကစ္စတန်အမျိုးသား သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က စက်တင်ဘာ ၅ ရက်၌ သတင်းထုတ်ပြန်သည်။

ရေဘေးဒုက္ခ ကြုံတွေ့နေရသည့် ဒေသများမှာ ဆင်းဂ်ျပြည်နယ်နှင့် ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းတို့တွင် ဖြစ်ပြီး ဒေသခံအများအပြားမှာ နေအိမ်များကို စွန့်ခွာကာ ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ရလျက်ရှိသည်။

ပြုလုပ်ပေး

ရေဘေးဒုက္ခ ကြုံတွေ့နေရသည့်ဒေသသို့ ပါကစ္စတန်အစိုးရက ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပြီး အရေးပေါ်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ တစ်ဖန်ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးဆိုင်ရာ ကာကွယ်ပေးမှုများ ဆောင်ရွက်ပေးနေသည့်အပြင် စားနပ်ရိက္ခာဖြန့်ဝေပေးမှုများ ပြုလုပ်ပေးလျက်ရှိသည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ ရေလွှမ်းနေသည့်ဒေသများ၌ တုပ်ကွေးရောဂါနှင့် ဝမ်းရောဂါများ ဖြစ်ပွားသူ ၁၅၀၀ ခန့်ရှိနေရာ ဆေးဝါးကုသမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံတွင် ၂၀၁၀ ခုနှစ်ကလည်း နိုင်ငံဧရိယာ၏ ငါးပုံတစ်ပုံခန့် ရေလွှမ်းခဲ့ရာ ၂၀၀၀ ခန့် သေဆုံးခဲ့ပြီး ပြည်သူသန်း ၂၀ ခန့် ရေဘေးဒုက္ခ ကြုံတွေ့ခဲ့ရသည်။ **(အင်တာနက်)**

စင်ကာပူမှ နယူးဇီလန်သို့ ပျံသန်းနေသည့် လေယာဉ်ပေါ်တွင် အမျိုးသားတစ်ဦးသေဆုံး

စင်ကာပူ စက်တင်ဘာ ၅

စင်ကာပူနိုင်ငံတွင် အလုပ်လာရောက်လုပ်ကိုင်နေသော နယူးဇီလန်နိုင်ငံသားတစ်ဦးသည် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့သို့အပြန် ဂျက်စတားခရီးသည်တင်လေယာဉ်ပေါ်၌ ကျွေးမွေးသော အစားအစာများကို စားသုံးပြီး မကြာမီသေဆုံးသွားခဲ့ကြောင်း စင်ကာပူမီဒီယာများက စက်တင်ဘာ ၅ ရက်၌ ဖော်ပြသည်။

သေဆုံးခဲ့

လေယာဉ်ပေါ်၌ သေဆုံးသွားသူမှာ အသက် ၃၁ နှစ်အရွယ် ရောဘတ်ရစ်ပင်ဂေးအမည်ရှိ အမျိုးသားဖြစ် **(ဓါတ်ပုံ)**ပြီး သူ၏အမျိုးသမီးမိတ်ဆွေ ဗင်ဆာပရီချာကူလ်နှင့်အတူ နေရပ်သို့ လေယာဉ်ဖြင့်အပြန် လေယာဉ်ပေါ်မှ ကျွေးမွေးသော အသားအချို့ကိုစားသုံးပြီးနောက် ရုတ်တရက် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

မိမိမှာ ပထမတွင် သူရယ်မောနေသည်ဟုယူဆခဲ့ကြောင်း၊ အကြောင်းမှာ သူကလေယာဉ်ပေါ်၌ ရုပ်ရှင်ကြည့်နေ၍ဖြစ်ကြောင်း၊ ဘာဖြစ်နေတာလဲဟု မိမိမေးသောအခါမှသာ သူကစကားပြန်မပြောနိုင်ဘဲ ဝေဒနာခံစားနေရမှန်းသိခဲ့ကြောင်း ဗင်ဆာပရီချာကူလ်က စထရိတ်တိုင်းမ်သတင်းစာသို့ ပြောပြခဲ့သည်။

လေယာဉ်ပေါ်တွင်ပါရှိသော ဆရာဝန်တစ်ဦးနှင့်သူနာပြုနှစ်ဦးတို့ အမြန်ရောက်ရှိလာပြီး လိုအပ်သည့်ကုသမှုများ ပြုလုပ်ခဲ့သော်လည်း သေဆုံးခဲ့ကြောင်း၊ ၎င်း၏ခန္ဓာကိုယ်ကို လေယာဉ်အနောက်ဘက်သီးခြားအခန်းသို့ သယ်ဆောင်သွားခဲ့ကြောင်း ၎င်းသတင်းစာ၌ ဖော်ပြသည်။ ၎င်းတို့နှစ်ဦးသည် စင်ကာပူတွင် အလုပ်လုပ်နေသူများဖြစ်ပြီး ရောဘတ်ရစ်ပင်ဂေး မိဘများ၏ နှစ် (၅၀) ပြည့်မွေးနေ့ပွဲဆင်နွှဲရန် နေရပ်သို့ပြန်လာခြင်းဖြစ်သည်။ ရောဘတ်ရစ်ပင်ဂေး၏ မိဘများက သူ့တွင်မွေးရာပါနှလုံးရောဂါရှိကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

တရုတ်အရှေ့ပိုင်း၌ ကုန်လှောင်ရုံမီးလောင်၊ ငါးဦးသေဆုံး

နန်နင်း စက်တင်ဘာ ၅

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်တွင် စက်တင်ဘာ ၅ရက် နံနက်က ကုန်သိုလှောင်ရုံတစ်ရုံမီးလောင်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၎င်းအဆောက်အအုံ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကျန်စုပြည်နယ်ရဲတပ်ဖွဲ့ကပြောကြားသည်။

စတင်လောင်ကျွမ်း

အခင်းဖြစ်ပွားမှုမှာ ကျန်စုပြည်နယ် စူကျိုမြို့ရှိ စီးပွားရေးဇုန်တစ်ခုတွင် ရော်ဘာထုတ်ကုန်ပစ္စည်းများ သိုလှောင်ရာကုန်လှောင်ရုံ၌ ယင်းနေ့ နံနက် ၄နာရီ မိနစ် ၃၀ခန့်က မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

သေဆုံးသူများမှာ ကုန်လှောင်ရုံပိုင်ရှင်နှင့် မိသားစုဝင်လေးဦးတို့ဖြစ်ကြောင်း ကျန်စုပြည်နယ်ပြည်သူ့လုံခြုံရေးဗျူရိုမှ ထုတ်ပြန်သောသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

မီးငြိမ်းသတ်နိုင်ခဲ့

မီးမှာအချိန်တစ်နာရီကျော်ကြာမျှ လောင်ကျွမ်းခဲ့ပြီးနောက် အနီးဝန်းကျင်ရှိ အခြားအဆောက်အအုံများသို့ မီးမကူးစက်အောင် တားဆီးနိုင်ခဲ့ပြီး မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးစတင်လောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ရဲတပ်ဖွဲ့က ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

ကေအိုင်အေအဖွဲ့ အတွင်း ပဋိပက္ခများပြင်းထန်၊ ငြိမ်းချမ်းရေး လိုလားသည့်အဖွဲ့ နှင့် မလိုလားသည့်အဖွဲ့ တို့ အစည်းအဝေးတစ်ခုတွင် စကားများပြီး အချင်းချင်းပစ်ခတ်၍ သေဆုံးဒဏ်ရာရမှုရှိ

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်မှု တည်ဆောက်နိုင်ရန် ရည်ရွယ်၍ (၁၈-၈-၂၀၁၁) ရက်စွဲဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ထုတ်ပြန်ကြေညာ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အသီးသီးကို ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

(၂၇-၈-၂၀၁၁) ရက်တွင် လိုင်ဇာမြို့၌ ကေအိုင်အေက ပြုလုပ်သည့် လူထုဆန္ဒသဘောထား ဖော်ထုတ်သည့် အခမ်းအနား၌ ပြည်သူများက စစ်ရေးနည်းကို ရှောင်ရှား၍ နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ရန်လိုလားကြောင်း အခိုင်အမာဖော်ထုတ်ခဲ့ကြသည်။ အလားတူ ယင်းနေ့ရက်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ ပြုလုပ်ခဲ့သည့် လူထုဆန္ဒသဘောထား ဖော်ထုတ်ဆွေးနွေးသည့် အခမ်းအနား၌လည်း ပြည်သူများက ကချင်ပြည်နယ်သည် တိုင်းရင်းသားမျိုးစုံ မှီတင်းနေထိုင်ကြသော ဒေသဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းလက်တွဲ၍ ပြည်နယ်တွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားရန် လိုလားကြောင်း တစ်ခဲနက် ဖော်ထုတ်ခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးခဲ့

ထိုသို့ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအကြား စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ထွန်းလာစေရန် မျှော်လင့်ချက်များ အရှိန်အဟုန်မြင့်မားနေချိန်တွင် (၁-၉-၂၀၁၁) ရက်နေ့ မွန်းလွဲ ၁ နာရီခန့်၌ ကေအိုင်အေအဖွဲ့ ဗဟိုဌာနချုပ် လိုင်ဇာ၌ အစည်းအဝေးတစ်ရပ် ပြုလုပ်၍ ကချင်ပြည်နယ်အတွင်းရှိ တပ်မတော်စစ်ကြောင်းများအား ပြောက်ကျားနည်းဖြင့် တိုးမြှင့်တိုက်ခိုက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ကေအိုင်အေအဖွဲ့မှ စစ်ဦးစီးချုပ် ဂန်ရှောင်၊ ဒုတိယဦးစီးချုပ် ဂွမ်မော်၊ တပ်မဟာမှူးများ၊ တပ်ရင်းမှူးအဆင့်ရှိသူများနှင့် ကေအိုင်အေ၏ စစ်မှုထမ်းဟောင်းများ တက်ရောက်ခဲ့ကြသည်။

အပြန်အလှန်ပစ်ခတ်

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကိုလိုလားသော ကေအိုင်အေ (ကချင်) စစ်မှုထမ်းဟောင်းအဖွဲ့နှင့် စစ်လိုလားသူ ကေအိုင်အေခေါင်းဆောင်များအကြား ပဋိပက္ခဖြစ်ပွားပြီး အချင်းချင်း အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားကြကြောင်း သိရသည်။ ယင်းသို့ အပြန်အလှန်ပစ်ခတ်မှုတွင် တစ်ဦးသေဆုံး၍ ကေအိုင်အေခေါင်းဆောင်တစ်ဦး ဒဏ်ရာရသွားကြောင်း သိရှိရသည်။

ပြည်ထောင်စုအကျိုးစီးပွား

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများမှ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့များသည် ကချင်ပြည်နယ်အတွင်းရှိ လမ်းတံတားများနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်သည့် တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ကျေးရွာများသို့ ဝင်ရောက်၍ လက်နက်ဖြင့်ခြိမ်းခြောက်ကာ အတင်းအဓမ္မ တပ်သားသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ စီးပွားရေးစီမံကိန်းလုပ်ငန်းများအား အနှောင့်အယှက်ပြုခြင်း၊ အချင်းချင်း ပစ်ခတ်သတ်ဖြတ်ခြင်း စသည့် လုပ်ရပ်များကို ပြုလုပ်နေမည့်အစား ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ပြီး ပြည်နယ်အကျိုးနှင့် ပြည်ထောင်စုအကျိုးစီးပွားအတွက် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ လုပ်ဆောင်ကြရန် လိုလားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

ဥပဒေကြမ်း (၅)ခု အတည်ပြုခြင်း၊ ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၉၇)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ယနေ့လွှတ်တော်အစည်းအဝေး၌ ဩဂုတ် ၂၂ ရက်က ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့သော ဥပဒေကြမ်း(၅)ခု အတည်ပြုခြင်း၊ ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းတို့ကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ကြသည်။

ဆွေးနွေးစဉ်းစား

‘‘အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း’’ နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ “အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်” အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ယင်းဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းပူးပေါင်းကော်မတီက စိစစ်ပြီးဖြစ်၍ အတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်သင့်ပါကြောင်း သဘောထားမှတ်ချက်ပေးထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းထားခြင်းလည်း မရှိပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုချက်ရယူရန် မလိုတော့သည့်အတွက် ဥပဒေကြမ်း အပိုဒ် ၁ မှ အပိုဒ် ၅ အထိကို တစ်ကြိမ်တည်း လွှတ်တော်၏ အတည်ပြုချက်ရယူရာ “ဤဥပဒေကြမ်း၏ အပိုဒ် ၁မှ အပိုဒ် ၅ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်” အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ အပိုဒ် ၅ အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ “ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်” အဆိုကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

ထောက်ခံ

အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၁၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းတင်သွင်းခဲ့သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

“အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အတည်ပြုရန်” အဆိုကို သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆

6-9 (20).pmd 1 9/6/2011, 2:44 AM